

စာအုပ်စဉ် (၂၀၄)

# သန်းဆွေ

# ချစ်ကြေးမပြေ

## သုခ–တည်းဖြတ်သည်

---

၃၀၊ မြောင်းကြီးလမ်း၊ ရေကျော်၊ ရန်ကုန်မြို့။

ပဌမနှိပ်ခြင်း။ ။၁၉၄၆–ခု၊ ဂျန္နဝါရီလ
ဒုတိယနှိပ်ခြင်း။ ။၁၉၄၇–ခု၊ မေလ
တတိယနှိပ်ခြင်း။ ။၁၉၆၀–ခု၊ နိုဝင်ဘာလ

ပြည်ထောင်စု မြန်မာနိုင်ငံတွင် ရိုက်နှိပ်သည်
မင်္ဂလာပုံနှိပ်တိုက်
၃၀၊ မြောင်းကြီးလမ်း၊ ရေကျော်၊ ရန်ကုန်မြို့။

# စာရေးဆရာဘဝသို့.....။

၁၉၆၁– နှစ်၊ ဇန္နဝါရီ ၃၁– ရက်နေ့သို့ ရောက်လျှင် ဤ "ချစ်ကြွေးမပြေ" ဝတ္ထု၏ သက်တမ်းသည် ၁၅–နှစ် တင်း တင်းပြည့်ပေလိမ့်မည်။ ဤဝတ္ထုကား ... ကျွန်တော်၏ လက်ရေး စာမူများမှ ပထမဆုံး ပုံနှိပ်စာအုပ် အဖြစ် ပြောင်းလဲ လာသော ဝတ္ထုဖြစ်ပါသည်။

စင်စစ်အားဖြင့်... ဤဝတ္ထုသည် ၁၉၄၆–ခုနှစ် ဇန္နဝါရီလ တွင်မှ ပုံနှိပ်ထုတ်ဝေခဲ့သော်လည်း လက်ရေးစာမူ အဖြစ်ဖြင့် ကား .... ၁၉၄၅–ခုနှစ် ဇန်နဝါရီလလောက်ကပင် ဖြစ်ပေါ်ခဲ့ ပါသည်။ ထိုစဉ်က ကျွန်တော်သည် ကြေးနန်းကျောင်းမှဆင်း၍ ဗဟိုကြေးနန်းရုံးကြီး၌ အမှုထမ်းနေရာမှ ငှက်ဖျားရောဂါထကာ အလုပ်မှ ခွင့်ယူနေရပါသည်။ ငှက်ဖျားရောဂါကြောင့် အိပ်ရာ တွင် လဲနေရင်း အဖျားကျသွားသော အချိန်များ၌ စာဘတ် ခြင်း၊ ကဗျာရေးခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။တနေ့တွင် ကျွန်တော် ရေးခဲ့သော ကဗျာများကို ပြန်ဘတ်ရာမှ... ထိုကဗျာတို့နှင့် အ ကြုံးဝင်မည့် ဝတ္ထုတပုဒ်ရေးရန် အကြံရလာပါသည်။ ဤတွင်... "လွမ်းငွေ့မှုံရီ" ဟူသော အမည်ဖြင့် ဝတ္ထုတပုဒ် ရေးမိလေ သည်။ မူလရေးစက ဝတ္ထုတိုအဖြစ် ရည်ရွယ် ခဲ့သော်လည်း .... ရေးရင်း ရေးရင်း ရှည်လာလေတော့သည်။

ဝတ္ထုပြီးသွားသောအခါ လျှောက်လွှာစက္ကူများဖြင့် အချော ကူးကာ၊ ဖိုင်တွဲပြီးနောက် ... စာဖတ် ဝါသနာပါသူ မိတ်ဆွေ များ, သားချင်းများအား ဖတ်ခိုင်း, ဝေဘန်ခိုင်းခဲ့လေသည်။ အားလုံးကပင် ကောင်းမွန်လှကြောင်း ချီးကျူး ကြလေသည်။ ဦးလေးတော်သူ တယောက်က....

"မင်း .... အရေးအသားက သုခနဲ့ သိပ်တူတာဘဲ.... သုခဆီ သွားပြီး ... စာအုပ်ရိုက်ဘို့ပေးပါလား" ဟု ပြောသောအခါ... အလွန်အားတက်သွားရာက ... ဆရာသုခရှိရာ အရပ်ကို စုံစမ်းမိ လေသည်။

ဆရာ သုခသည် ထိုအချိန်က ပြဇာတ် ဒါရိုက်တာလုပ်ရင်း စမ်းချောင်း ရပ်ကွက်၌ 'ချမ်းသာ စာစောင်' အမည်ဖြင့် ဖြန့်ချိရေး လုပ်ငန်းဖွင့်ကာ... သူကိုယ်တိုင်ရေးသည့် စာအုပ်များကိုပါ ဖြန့်ချိ နေချိန်ဖြစ်၏။

ဆရာသုခနှင့် တခါမှ မျက်နှာချင်း မဆိုင်ဘူးသော်လည်း ဆရာသုခ ရှိရာဌာနကိုသိသည်နှင့် တပြိုင်နက်.... စာမူပို့ရန် သန္နိဋ္ဌာန်ချကာ.... စာမူကို ဒုတိယအကြိမ် ပြင်ဆင်၍ အချော ကူးပြီးနောက် သွားပို့လေတော့သည်။

ဆရာသုခ.... ချိန်းဆိုသောနေ့ရက်သို့ ရောက်၍ ဆရာသုခနှင့် တွေ့ဆုံမိသောအခါ ဆရာသုခက ဝတ္ထုပညာနှင့် ပတ်သက်၍ အချိတ်အဆက်, ပြင်ဆင်ဘွယ်ရာများကို ညွှန်ကြားပြီး စာအုပ် အဖြစ် ရိုက်နှိပ်ရန် ဆုံးဖြတ်ကြောင်း၊ ငွေသုံးရာ ပေးမည်ဖြစ် ကြောင်း ပြောလေတော့သည်။ ဤတွင် ကျွန်တော့်မှာ တတိယ အကြိမ် ပြင်ဆင်၍ အချောကူးရပြန်လေတော့သည်။

ကမာရွတ်မှ သိမ်ကြီးဈေးသို့ ဘတ်စ်ကား ငါးမူးပေးရကာ ပလေကတ် လုံချီတထည် လေးဆယ်ခန့်ပေးရသော ထိုအချိန်က ငွေသုံးရာသည် အရာမရောက်လှသော်လည်း .... သိမ်ကြီးဈေး နာရီစင်အောက်၌၎င်း, ဘတ်စကား ဆိပ်များ၌၎င်း .... ကြားရသည့် "ဆရာသုခက ငွေသုံးရာပေးပြီး ထုတ်ဝေလိုက်တဲ့ သန်းဆွေရဲ့ ချစ်ကြွေးမပြေ ဝတ္ထုတွေ တအုပ်သုံးကျပ်" ဟူသော အော်သံများကား ကျွန်တော့်နားတွင် ထာဝစဉ် ပွဲတင်ထပ်ကာ ကျွန်တော့်အား စာပေလောကသို့ ခြေစုံ ပစ်ဝင်လာချင်အောင် ဖိတ်ခေါ်ကြလေတော့သည်။

ထိုအချိန်မှစ၍ ကျွန်တော်သည် စာရေးဆရာ တယောက် မဖြစ်,ဖြစ်အောင် ကြိုးစားပါတော့မည်ဟု အတိအကျ ဆုံးဖြတ်ကာ စာများကို ဖတ်ခဲ့သည်။ လေ့လာခဲ့သည်။ ဆည်းပူးခဲ့သည်။ သင်ယူခဲ့သည်။ ရေးခဲ့သည်။

ယခု ၁၅–နှစ် တိုင်ခဲ့ပြီ။ "ချစ်ကြွေးမပြေတွေ သုံးကျပ်" ဟူသော အသံကား မပျောက်သေး။ ထိုအသံတွေ ကြားရတိုင်း စာရေးဆရာ တယောက်မဖြစ်,ဖြစ်အောင် ကြိုးစား ပါတော့မည်ဟူသော ဆုံးဖြတ်ချက်သည် အသစ်တဖန်ပြန်၍ပြန်၍ ပေါ်လာပါတော့သည်။

**သန်းဆွေ**

၂၂–၁၀–၆၀

# ဆရာသုခ၏ အဆို

တနေ့သ၌ အသက် နှစ်ဆယ်အရွယ် မျက်မှန်နှင့် သူငယ်တယောက် ဤဝတ္ထုမူကို ယူလာလေသည်။ ထိုစဉ်က .... ကျွန်ုပ်တို့ ချမ်းသာစာစောင်မှ ဝတ္ထုတပုဒ်ကို ဆုငွေ ၃၀ဝိ– ပေးမည်ဟူသော ဝတ္ထုရေးဝါသနာပါသူတို့အဘို့ တက်လမ်းကြော်ငြာကို ထိုသူငယ် မတွေ့သေး။

ထိုင်ရာမထ သူ့ဝတ္ထုကော်ပီကို သုံးလေးမျက်နှာ ဖတ်ကြည့်လိုက်လျှင်ပင် "သီချင်းကြီးတွေကို ဝါသနာ ပါတယ် ထင်တယ်...." ဟု မေးမိသည်အထိဖြစ်၏။ ထိုသူငယ်က ကြွားပြုံးကလေး ပြုံးပြီး ဝန်ခံ၏။ ကျွန်ုပ်သည် ငါးမျက်နှာတိတိဘတ်ပြီးသောအခါ "အေး ... မင့်ဝတ္ထုကို အေးအေးဆေးဆေး ဘတ်ကြည့်အုံးမယ် ... တဝက်လောက် ဝမ်းသာပြီး ပြန်ပေတော့" ဟု နှုတ်ဆက်လွှတ်လိုက်၏။

ထိုသူငယ်သည် ခြေလှမ်းမှားတော့မတတ်သော ဝမ်းမြောက်ပုံမျိုးဖြင့် ပြန်သွားရာ ... ကျွန်ုပ်မှာ သူ့ကိုကြည့်ရင်း ခေါင်းငြိမ့်နေမိတော့၏။ အစမှအဆုံးအထိ ဘတ်ပြီးသောအခါ ကျွန်ုပ်တို့ ချမ်းသာစာစောင်မှ ထုတ်ဝေရန် ဒွိဟမရှိ တပြိုင်နက် ဆုံးဖြတ်ချက်ချလိုက်လေသည်။

ကျွန်ုပ်၏သဘောအရ အတိအလင်းချီးကျူးရသော်.... ကြား၍ကောင်းသော နိုင်ငံရေး၊ ကြော်ငြာ၍ အထင်ကြီးစေသော တပ်မတော်အရေးတို့ကို ဥာပနာ၍ထားသော ဝတ္ထုဖြစ်ကတတ်ဆန်းမျိုးမဟုတ်၊ ရိုးရိုးကလေးဖြစ်သော ဇာတ်လမ်းကို နူးညံ့သိမ်မွေ့အရသာတွေ့လောက်သော စကားနုကလေးများဖြင့် မွှန်းမံထားအပ်သည်ဖြစ်ရာ၊ ကျွန်ုပ်၏ဝါဒကိုလိုက်သော အရည်အချင်းနှင့်ပြည့်စုံသည်ဟု ဆိုရမည်ဖြစ်၏။

မရေးဘူးသေးသော ကလောင်သစ်အဖြစ်နှင့် ဤဝတ္ထုသည် အကောင်းဆုံးဟု မဆိုနိုင်သည့်တိုင်အောင် ဝတ္ထုကောင်း ပီသပါပေသည်။ ဤစံချိန်ကို ချိုးနိုင်–လိုက်နိုင်မည့် ကလောင်သစ်များ မရှိဟု မဆိုနိုင်သော်လည်း ရှားမည်ဟုကား ကျွန်ုပ် ဆိုဝံ့ပါ၏။

ထို့ကြောင့်လည်း ဤဝတ္ထုငယ်ကို ဝမ်းမြောက် ဝမ်းသာငွေသုံးရာတိတိ ချီးမြှင့်လိုက်ရပါသည်။

“ချစ်ကြွေးမပြေ”ဟု နာမည်ပြောင်းပေးရုံမျှနှင့် စကားသား, အထားအသို, သင့်တင့်အောင် နေရာချပေးသည်က လွဲ၍ သူ၏ဝတ္ထုကို မူလဇာတ်လမ်း ပြောင်းပေးခြင်း၊ စာသား ထပ်မံဖြည့်စွက်ခြင်း စသည့် အရောင်တင်ဆီမျိုး လိမ်း၍ မပေးလိုက်သည်ကိုကား ဝန်ခံပါ၏။ ထို့ကြောင့် သင်ကိုယ်တိုင် ဤဝတ္ထုကို နှစ်သက်က ကလောင်ရှင်အား ရာခိုင်နှုန်းအပြည့် ချီးကျူးစရာသာ

ရှိလျက် သင်ကိုယ်တိုင် မနှစ်သက်ပါက တာဝန်ခံ၍ ရွေးချယ်လိုက်သော ကျွန်ုပ်ကိုသာ ရာခိုင်နှုန်းအပြည့်အပြစ်တင်ပါတော့။

သို့သော် ကျွန်ုပ်၏ လက်ရာကို နှစ်သက်လျှင် ဤဝတ္ထုကို ကြိုက်ရမည်ကား ဒိဋ္ဌ။

**သုခ**

**ချမ်းသာစာစောင်**

၁၉၄၅–ခုနှစ် ဒီဇင်ဘာ

သန်းဆွေ–ရေး

# ချစ်ကြွေးမပြေ

"လူ့ရွာမှတ်ရေး၊ ဥစ္စာကြွေးထက်၊ ချစ်ကြွေးတင်ချက်၊
ဆင်းရဲနက်ဟု၊ စဉ်ဆက်ထိုမျှ၊ ဆိုကုန်ကြ၏"

**မဃဒေဝလင်္ကာသစ်**

## ဖြစ်ရေးကုန်စင် ....

"သိပ်ကျေးဇူးတင်တာဘဲ ဆရာကတော်ရယ်၊ ဆရာကတော်တို့ ကျေးဇူးကိုဖြင့် ဒီတသက်မှာ ဆပ်လို့ ကုန်နိုင်တော့မယ်မထင်ပါဘူး"

စိတ်ထဲ ဝမ်းထဲမှ လှိုက်လှိုက်လှဲလှဲ ထွက်ပေါ် လာကြသည့် ကျေးဇူးစကားတို့သည် ဆရာကတော် ခင်မေထွေး အဘို့ မကြာမကြာ ကြားနေကျဖြစ်သည့်အတိုင်း ကြားရပြန်လေသည်။

ဝင်လုဆဲ နေမင်းမှာ ကောင်းစွာ မထွန်းလင်း နိုင်တော့ပြီ ဖြစ်ရကား လောကဓာတ်ကိုးရပ်စုံမှာ မှုံရီရီဖြစ်၍ နေလေသည်။ ခင်မေထွေးသည် မှောင်ရိပ် သန်းနေသည့် ဧည့်ခန်း ပြူတင်းပေါက်မှ အပြင်ဘက်ဆီသို့ ငေးမျှော်ရင်းက.... "အင်း .... အသက်ချမ်းသာရာရသွားတဲ့ ဝေဒနာရှင်ထက်–သူ့ကို ပြုစုကြတဲ့ သူတွေရဲ့ ဝမ်းသာခြင်းကများ ပိုလေရော့သလား" ဟု တွေးနေမိလေသည်။

ဧည့်သည် ဇနီးမောင်နှံ၏ သားရင်သွေးသည် ကြောက်မက်ဘွယ်ရာ ဆိုးသွမ်းလှစွာ

သော ချောင်းဆိုး သွေးပါ ရောဂါ စွဲကပ်ခဲ့သဖြင့် ခင်မေ ထွေး၏ ခင်ပွန်းဖြစ်သူ ဒေါက် ထာဝင်းမောင်အုပ်ချုပ်ဖွင့်လှစ် ထားသည့် ဆေးရုံတွင် ကုသ ခဲ့၏။ သူတို့သည် သူတို့၏ချစ် မဝနိုင်သည့် သားရတနာ၌ ရောဂါပျောက်ကင်း သေတွင်း မှ လွတ်ကင်းခဲ့ခြင်းအား ဝမ်း သာ၍ မဆုံးနိုင်၊ ကျေးဇူးတွေ ဆပ်၍ မကုန်နိုင်လောက်အောင် ထင်မြင်ကာ ဒေါက်တာ ဝင်း မောင်အား ထိုက်တန်ရာ အ ဘိုးအခကို ပူဇော်ခဲ့သည်သာ မက ခင်မေထွေးကိုပင်....လက် ဆောင်ပဏ္ဏာ အမျိုးမျိုးဖြင့် ကျေးဇူးဆပ်ကြ၏။ မိမိတို့၏ စွမ်းဆောင်ချက်ကြောင့် စိတ် ချမ်းသာရာ ရသွားသူတို့ အ တွက် ဝမ်းသာသလို ဖြစ်မိရာ က မိဘတို့၏ မေတ္တာအား ကိုယ် ချင်းစာမိပြန်သည်။

ဒေါက်တာဝင်းမောင်ကား လန်ဒန်၌ ဆေးပညာ ဒီဂရီ ယူခဲ့ကာ ရန်ကုန်မြို့ စွန် ဆိပ် ငြိမ်ရာ ရပ်ကွက်တွင် မိမိအထူး တလည် လိုက်စားလေ့လာခဲ့ သော ချောင်းဆိုးသွေးပါ အ ဆုတ်ရောဂါ စသည်တို့ကို ကု သသည့် ဆေးရုံကလေး ဖွင့် လှစ် နေခဲ့သူဖြစ်ရာ အသက် ၄၀–ကျော် အရွယ် ကောင်း တုံးတွင် ထင်ပေါ် ကျော်ကြား သူ တယောက် ဖြစ်လေသည်။ ဆေးရုံဖွင့်ခဲ့သည်မှ ယခု အထိ သော ၁၀–နှစ် အတွင်းဝယ် မြောက်မြား လှစွာ ဝေဒနာ သယ်တို့၏ အသက်ကို ကယ် ဆယ်ခဲ့၏။ မကျန်းမမာ ဖြစ်နေ သည့် သူများအား လူကောင်း ပကတိ ဖြစ်သွားစေကာ .... ကောင်းစွာ လုပ်ကိုင် စားနိုင် သည်အထိ စွမ်းဆောင် နိုင်ခဲ့ သည်တို့ကို စဉ်းစား မိပါက ခင်မေထွေးမှာ ထိုကဲ့သို့ ပညာ ရှင် တဦး၏ ဇနီးကြင်ယာဖြစ်

လာရခြင်းကို ဂုဏ်ယူ မိလေသည်။

"ဟုတ်တယ် .... ကိုဝင်းမောင်ဟာ များစွာသော လူတစုအတွက် အသက်သခင် ကျေးဇူးရှင်ဘဲ၊ သူဟာ–ဝေဒနာရှင်တွေရဲ့ အသက်ကို သေမင်းလက်က ဆွဲယူ ခဲ့တယ်။ ဒါပေမဲ့ ...."

ညှော့ခန်းကား မှောင်နှင့်မဲမဲဖြစ်ခဲ့၏။ သူကား ငေးနေရာမှ မခွာသေး၊ ဆီမန်း မန်းသလို တကိုယ်တည်း ပြောနေ၏။

"ဒါပေမဲ့ အထွေးရဲ့ အသက်ကိုတော့ မကယ်ခဲ့ဘူး ... မကယ်ခဲ့ဘူး ... အထွေးရဲ့ အသဲနှလုံးတွေကို ထုတ်ယူပစ်တယ်။ အထွေးကို အရှင်လတ်လတ် လူသေဘဝ ဖြစ်အောင် အထွေးရဲ့ ဝိညာဉ်တွေကို ဆုပ်ခြေထားတယ်။ တကယ်ဘဲ အထွေးအပေါ်မှာ မသက်ညှာခဲ့ဘူး။ အတူးကလေးကို မွေးပြီးကတဲက အခုထိတောင် သူများအပေါ်မှာ သနား တတ်သလောက် အထွေးဆိုရင် မကြင်နာခဲ့ဘူး .... ရက်စက်ခဲ့တယ်... ရန်ဘက်ပြုခဲ့တယ်"

"မမလေး .... မမလေး"

အိမ်တွင်းမှ ခေါ်ရင်းထွက်လာသော အစေခံ အဒေါ်ကြီး၏ အသံသည် ကျောက်ရုပ်ပမာ ငြိမ်သက်စွာ ရပ်ရင်း ငေးနေသည့် ခင်မေထွေးအားလှုပ်ရှားစေ၏။

"ဘာတုံး ... အမေကျော့ ဘာလုပ်မလို့လဲ"

"ထမင်းပွဲ ပြင်ပြီးပြီလေ ... ထမင်းမစားသေးဘူးလား"

"စားတာပေါ့၊ ဒါထက် အတူး တယောက်ကော"

"အတူး .... သူ့အခန်းထဲမှာ စာကြည့်နေတယ်"

"ဟုတ်လား ... သွားနှင့်လေ ကျမလာခဲ့မယ်"

ဒေါက်တာ ဝင်းမောင်၏

ဆေးရုံကား အိမ်၏တဘက်ခြံကြီးထဲတွင် ရှိလေသည်။ နံနက်စောစောကတည်းက အလုပ်ခွင်သို့သွားရသော ဒေါက်တာဝင်းမောင်မှာ နံနက်ပိုင်း ကာ ဖီသောက်ချိန်တွင်သာ အိမ်၌ရှိတတ် လေသည်။ လူမမာများအတွက် နေ့ရောညပါ ကြိုးစားအားထုတ် အလုပ်လုပ်နေရသူ ဒေါက်တာဝင်းမောင်အတွက်ကား .... မနက်စာရော ညစာပါ .... ချိုင့်ဖြင့် ပို့ခဲ့ရသည်သာမက ညဥ့်နက်မိုးဇီးချုပ်အထိ အလုပ်စခန်းမရပ်ဘဲ အုံးစက်ရာကိုပင် သတိ မရလေသယောင် .... ဆေးရုံတွင်ပင် ညဥ့်အိပ်၍ ပြန်မလာသည့်ရက်တို့ မှာလည်း မရေတွက်နိုင်ခဲ့ ....

ကာလရှည်ကြာသဖြင့် ထုံးစံပမာ ဖြစ်နေသောကြောင့် ခင်မေထွေးနှင့် အတူးတို့အဘို့တွင် မထူးခြားလှသော်လည်း သေသေချာချာ တွေးကြည့်ပါက အလွန်ပင်စိတ်ပျက်ဘွယ်ရာ အိမ်ထောင်ရေးပင် ဖြစ်ပေသည်။ အမှန်ပင် ခင်မေထွေးမှာ ခြသေ့်လက်တွင်းသို့ သက်ဆင်းနေရသည့် ယုန်သူငယ်ပမာ သနားစရာဖြစ်လေသည်။ အကယ်၍ ဒေါက်တာ ဝင်းမောင် အိမ်တွင် ရှိနေပါကလည်း လင်မယား အဖြစ်ဖြင့် ကြင်ကြင်နာနာ ချိုချိုသာသာ လောကွတ် ပြုဖွယ် မရှိခဲ့။ မပြောမဖြစ်သည့် စကားနှစ်ခွန်းသုံးခွန်းတွင်ပင် အဆုံးသတ်ခါ ကိုယ်လုပ်စရာ ရှိသည့် ကိစ္စကိုသာ လုပ်ခဲ့ကြ၏။

အသက် ၁၄–နှစ် ကျော်ကျော် ရှိခဲ့သော အတူးသည် မိမိ၏ မိဘများ နေထိုင်ပုံနှင့် ကျောင်းနေဘက် သူငယ်ချင်းတို့၏ မိဘများ နေထိုင်ပုံကို နှိုင်းယှဉ်၍ မည်မျှစဉ်းစားခါ အားငယ်လိမ့်မည်နည်းဟု

တွေးမိသည့်အခါ ခင်မေထွေး မှာ အတူး အပေါ်ဝယ် အရာ ရာတွင် အလိုလိုက်ခါ အကြိုက် ပြုခြင်းဖြင့်သာ စိတ် သက်သာ အောင် နေမိလေတော့သည်။

ထိုကဲ့သို့ အိမ်ထောင်ရေး အဆင်မပြေခြင်းမှာ မည်သူ၏ ဆိုးသွမ်းချက်ကြောင့် ပေ နည်း။ ဒေါက်တာ ဝင်းမောင် လော.... ခင်မေထွေးလော.... မဟုတ်ပါ....မဟုတ်နိုင်ပါ။ နှစ် ယောက်စလုံး ချစ်လွန်းလှသ ဖြင့် အိမ်ထောင်ဘက် ပြုလာ ကြသည် မဟုတ်ပါလော.... တ ယောက်နှင့် တယောက် ချစ် လျက်နှင့်ပင် ဤစိတ်ပျက်ဘွယ် အိမ်ထောင်သို့ ပြောင်းလာခြင်း ဖြစ်ပေသည်။ သို့ဖြစ်ပါက တရားခံသည် ကိုမြင့်သန်းဖြစ် ပေလိမ့်မည်။

"ဟုတ်ဘူး ... မဟုတ်ဘူး, သူ ဘာမှ မသိရှာဘူး"

ခင်မေထွေး၏ ရင်တွင်း ဝယ် အစဉ် ကိန်းအောင်း လျက်ရှိသော သဘောကောင်း မနောဖြူ ပန်းချီဆရာ ကိုမြင့် သန်း၏ အကြောင်းကို တွေး မိပါက ခင်မေထွေးမှာ ရင် တွင်းတွင် ဟာတာတာဖြစ်ရာမှ မျက်ရည်စတွေ ဖြာလာတတ် လေသည်။

မနေ့ကပင် ကိုမြင့်သန်း အ ကြောင်းနှင့် ပတ်သက်၍ မိမိတို့ လင်မယား ကတောက် ကဆ ဖြစ်ခဲ့ရသည်ကို သတိရမိသေး တော့သည်....

"ဘတ်ပြီးပြီ မဟုတ်လား ဟေ့ ...."

ဆရာဝန် အဝတ်ရှည်ကို ဝတ်လျက် တက်လာသော ဒေါက်တာ ဝင်းမောင်သည် ခင်မေထွေးအား ပြုံးစိစိ အမူ အရာဖြင့် မေးလေသည်။ ဘာကို ဆိုလိုသည် မသိသော ခင်မေ

ထွေးမှာ လင်တော်မောင်၏ မျက်နှာထားကိုသာ စိုက်ကြည့်နေမိ၏။

"အထွေးတော့–လွမ်းနေပြီ မဟုတ်လား .... ဟား ....ဟား"

ဒေါက်တာ ဝင်းမောင် သည် မျက်မှန်ကိုင်းကို ပင့်တင်ရင်းက လှောင်ရီ,ရီနေ ပြန်ရာ ခင်မေထွေးမှာ ဒေါပွ မိလေသည်။

"ဘာလဲ.... ဘာ....ဘာ.... ဘာကို လွမ်းရမှာလဲ.... ဘာစကားတွေ ပြောနေတာလဲ.... နားမလည်ဘူး ... ဘာမှလဲ မဘတ်ဘူး"

"အို....ဟိုး .... ဟိုး ဒေါသမကြီးနဲ့လေ.... ဒီနေ့ သတင်းစာထဲက သတင်းထူး တခုကို ပြောတာပါ...."

"ဘာလဲ .... သတင်းစာထဲက ဘာသတင်းလဲ...."

"ခင်ဗျားတို့ရဲ့ တိမ် မြှုပ်နေတဲ့ ပန်းချီ ဆရာကြီးရဲ့ သတင်းလေ... ဟဲ....ဟဲ...."

အစ, အဆုံးပြောရမည်ကို ခက်သကဲ့သို့ ဒေါက်တာ ဝင်းမောင်သည် အိတ်တွင်းမှ သတင်းစာရွက်ခေါက် တခုအား ထုတ်ခါ ခင်မေထွေး၏ ရှေ့ရှိ စားပွဲပေါ်သို့ ပစ်တင်လိုက်လေသည်။

တိမ်မြှုပ်နေတဲ့ .... ပန်းချီ ဆရာ....

ဟု ခင်မေထွေးသည် စိတ်ထဲ၌ ရေရွတ်မိလေ၏။ ပန်းချီဆရာ ကိုမြင့်သန်း တယောက် တိမ်မြှုပ် ပျောက်ကွယ် သွားခဲ့သည်မှာ နှစ်,လ, အတော်ပင် ကြာခဲ့လေပြီ။ သူ၏ နေထိုင်ရာ ဒေသမှန်ကို ဘယ်သူမှ မသိသလောက် ဖြစ်နေခဲ့ရာ ယခုမှ တဖန် နေရာမှန်ကို သိကြရသဖြင့် ကြေငြာခြင်း ပေလောဟု လည်း တွေးမိလေသည်။

"ဘတ်လေ.... ဘတ်ရင် သိမှာပေါ့...."

ဟု ဒေါက်တာ ဝင်းမောင်က ခင်မေထွေး၏ စိတ်ကို ရိပ်မိဟန်ဖြင့် ပြောတော့မှ သတင်းစာရွက်ကို ဖြန့်၍ ကြည့်မိလေသည်။ သတင်းစာရွက်ကို ကိုင်ထားရင်းက ခင်မေထွေးသည် ငိုင်နေမိသည်။ အမှန်ပင် ထိုသတင်းသည် ခင်မေထွေး အတွက် စိတ်ဝင်စားဘွယ် ဖြစ်သလောက် ဘဝင်မအေးနိုင်ခဲ့–သတင်းကား တိုတိုကလေးပင်၊

"တိမ်မြှုပ် ပျောက်ကွယ်လျက် ရှိသော ကျွန်ုပ်တို့၏ နိုင်ငံကျော် ဘိလပ်ပြန် ပန်းချီဆရာ ကဗျာ ဆရာ ဦးမြင့်သန်းသည် ချောင်းဆိုးသွေးပါ အဆုတ်ရောဂါစွဲကပ်နေခဲ့သဖြင့် ထားဝယ်နယ် မောင်းမကန်ပင်လယ် ကမ်းခြေရှိ တည်းခိုအိမ်တွင် ပင်ပန်းဆင်းရဲကြီးစွာ ဝေဒနာ ခံစား၍ တယောက်တည်း တည်းနေခဲ့ရာမှ လွန်ခဲ့သော ရက်မကြာမီကမူ တည်းခိုအိမ်မှ ပျောက်သွားပြန်ရာ ဘယ်အရပ်သို့ ထွက်ခွာ သွားသည်ဟု မသိခဲ့ရကြောင်း၊ ကပ်ရောက်နေသည့် ဝေဒနာမှာ လုံးဝ မျှော်လင့်ဘွယ် မရှိတော့သဖြင့် မိမိကိုယ်ကိုပင် သတ်၍ သေလေပြီလောဟု တွေးတောစရာ ဖြစ်နေတော့ကြောင်း ဤကဲ့သို့ ပညာရှင် တဦးဆုံးရှုံး ရခြင်းမှာ ကျွန်ုပ်တို့အဘို့ ဝမ်းနည်းဘွယ်ရာပင် ဖြစ်ပေကြောင်း ...."

ကိုမြင့်သန်း၏ ဖြစ်ထွေကြောင့် စိတ်မသက်မသာဖြစ်မိသော ခင်မေထွေးသည် နံဘေးတွင် ဒေါက်တာ ဝင်း

မောင် ရှိနေသည်ကိုပင် သတိမမူနိုင်တော့ဘဲ ဟင်းကနဲသက်ပြင်း ချလိုက်လေသည်။ ထိုမှ ဒေါက်တာ ဝင်းမောင်က ....

"အင်း .... သနားစရာ ကောင်းလိုက်ပါဘိကွာ" ဟု ယောကျ်ားတန်မဲ့ ငေါ့တော့တော့ ပြောကာ ခနဲ့ လိုက်သည်ကိုလည်း အရေးမယူနိုင်သည်သာမက ...

"ဟုတ်တယ်–ရောဂါကလဲ အတော်ဘဲ မသက်သာဘူးဆိုဘဲ" ဟူ၍ပင် ထပ်မံ၍ ပြောမိလေသည်။

"ဘာလဲ....မင်းက ငါ့ကို များ ကုစေချင်သေးလို့လား"

ခင်မေထွေးကား ဘာမျှ ပြန်မပြောတော့ဘဲ မျက်ရည်တွေ ဝဲနေသည့် မျက်လုံးအစုံတို့ဖြင့်သာ လင်သယ်အား ငေးကြည့်နေရှာ၏။

"ငါတို့က ဒီလိုပြော့စိစိနဲ့ အနုသမားတွေကို မလိုချင်ဘူးကွ....ဘယ်သူက ဒီလိုအကောင်မျိုးကို လာပြီး သနား ...."

ဒေါက်တာ ဝင်းမောင်ကား–ရန်သူနှင့် စကားပြောနေသူပမာ တင်းမာစွာ ဟစ်အော်၍ နေလေသည်။

"ထွီ.... ငယ်ငယ်ကလေးကတဲက– ခင်မင်လာတဲ့ သူငယ်ချင်းကိုတောင် သစ္စာဖောက်တဲ့ တိရစ္ဆာန်လို အကောင်...."

ထိုအခိုက်အတန့်တွင် ဒေါက်တာဝင်းမောင်မှာ လူတကာတို့ အသက်ကို ကယ်ဆယ်နေသူ တယောက်အဖြစ် ပြောမယုံနိုင်အောင် ဖြစ်နေ၏။ ဒေါက်တာ ဝင်းမောင်၏ ပြင်းထန်လှသည့် စကားလုံးများ နှင့် ပြန်လှန် အော်ငေါက် နေ ပါက ထို့ထက် နစ်နာဘွယ် စကားများသာ ထွက်လာဦးမည်ဖြစ်ရာ ခင်မေထွေးမှာ.... သတင်းစာ ခေါက်ကို စားပွဲ

ပေါ်သို့ တင်ရင်းက သူ ပြော သမျှကို ငုံ့ခံနေသည်က လွဲ၍ ဘာမျှမတတ်နိုင်ခဲ့။ ကိုမြင့်သန်း နှင့် ပတ်သက်၍ လာပါက ဒေါက်တာ ဝင်းမောင်ကား .... ဤနည်းနှင်နှင်ပင် ....။

"ကဲ....ဘာ ပြောချင်သေး သလဲ...."

ဒေါက်တာ ဝင်းမောင် သည် တယောက်တည်းရန်ဖြစ် ရာမှ ရပ်စဲစပြုလာ၏။ ခင်မေ ထွေးကား.... တိတ်ဆိတ်လျက် သာ....။

"ဒါထက်.... ကောင်လေး ရော.... ကျောင်းက မလာသေး ဘူးလား ...."

အခန်းကို ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည့် ဒေါက်တာ ဝင်းမောင်သည် တဘက်မှ လှည့်၍ အပြစ်ရှာ ရန် စကား စခြင်းပေလော...

"အတူးလား ....မလာသေး ဘူး၊ လာခါနီးပါပြီ...."

"မင်း ....သူ့အပေါ်မှာအလို လိုက်လွန်းတယ်...."

သူသည် မျက်မှန်ကိုင်းကို ချွတ်ခါ တဖန် ပြန်၍ တပ် ပြန်၏။

"ဒီကောင်ကလေးအတွက် ကြီးပွားဘို့ လမ်းတွေ ကြံထား တယ်။ သူ့ကို ဂရုစိုက်ပါ–သူနဲ့ ပတ်သက်တဲ့ စကားဆန်းတွေ မကြားမိဘူးလား...."

"ဟင်.... ဘယ်လို စကား တွေများပါလိမ့်...."

"အင်း .... သူလဲ–ဟိုကောင် လိုလာတာဘဲ။ မင်းကတော့ ဝမ်းသာမှာပေါ့။ ဒါပေမဲ့ ဒေါက်တာ ဝင်းမောင်ရဲ့ သားဟာ–ဒီလို ကလေကဝ ကောင်စားမျိုး ဖြစ်သွားရမယ် ဆိုတာသေပစ်ဘို့ကောင်းတယ်။ မြင့်သန်းနဲ့ မတူဘူးလား၊ ကဗျာ နဲ့ စာစီစာကုံးမှာ အတော် ဆုံးတဲ့၊ ပန်းချီမှာလဲ .... လက် မြောက်သတဲ့။ ဟို ခွေးကောင်

ငယ်ငယ်ကနဲ့ တထေရာထဲဘဲ…”

ဒေါက်တာဝင်းမောင်ကား ပြော၍ အားရ သွားတော့သည့်အလား ခင်မေထွေး၏ အဖြေကိုပင် မစောင့်တော့ဘဲ ခြေထောက်ကို ပြင်းပြင်းနင်းကာ ဆေးရုံဘက်သို့ ထွက်သွားလေသည်။

မနေ့က–ထိုသို့ ဖြစ်ခဲ့သည်ကို သတိရမိသော ခင်မေထွေးသည် အတူး၏ အခန်းတွင်း ရပ်နေမိ၏။ အတူးကား ကိုမြင့်သန်းနှင့် တူသည်ဟု ဆိုပါက အကျင့် အမူအရာဝါသနာသာမက ရုပ်ရည်လည်း တူလှပေသည်။ ဘာကြောင့် ဤကဲ့သို့ တူနေရသည်ကို ခင်မေထွေး စဉ်းစား၍ မရခဲ့။ ဤကဲ့သို့ ရုပ်ရည်မှစ၍ အစစ အရာရာတူနေခြင်းသည်ပင် ခင်မေထွေးနှင့် ဒေါက်တာ ဝင်းမောင်တို့ အကြောင်းဝယ် သံသယပွားများရာ ပွားများကြောင်းပင် ဖန်တီးရာ ဂြိုဟ်ဆိုးပင်ဖြစ်တော့သည်။

× × ×

## နှစ်ကိုယ့်တစိတ်

“လူလေး အတူး ….”

ခင်မေထွေးသည် တံခါးကို ဖွင့်ကာ ဝင်ခဲ့လေသည်။ အတူးသည် စာအုပ် တအုပ်ကို ဘတ်နေရာမှ ရုတ်တရက် မျက်နှာပျက်သွားကာ ကဗျာ ကရာ စားပွဲပေါ်ရှိ စာအုပ်ထပ်အောက်သို့ ဘတ်နေသည့် စာအုပ်ကို ဝှက် လိုက်လေ၏။ ထူးခြားသော သား၏ အမူအရာအား ခင်မေထွေး အကဲခတ်မိသည်။ တဖြေးဖြေးမှ စုံစမ်းတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်၏။

“လူလေး ဘယ်အချိန်က ရောက်နေမှန်းတောင် မသိဘူး။ ဒီနေ့ ထောပတ် ငှက်ပျောသီး

တွေ လက်ဆောင်ရထားတယ်။ လူလေး ထမင်း စားတော့မ လား ....”

“ဟုတ်ကဲ့–ရောက်နေတာ ကြာပါပြီ၊ မေမေ့ကို မနှောင့် ရှက်ချင်တာနဲ့ တိတ်တိတ် ခ လေး တက်လာခဲ့တယ်....”

“အော်....အော်....ဒါထက် အခု စာကျက်နေသလား ....”

ခင်မေထွေးသည် အေး ဆေးစွာ ပြောရင်းက အတူး နံဘေးရှိ ကုလားထိုင်တွင် ဝင် ထိုင်လိုက်လေသည်။ အတူးမှာ စိတ် မလုံသကဲ့သို့ ဖင်တရွရွ ဖြစ်နေ၏။

“ဘာ စာအုပ်တွေများ ဘတ်နေပါလိမ့်”

ခင်မေထွေးသည် စာအုပ် ထပ်ကို အကဲခပ်သလို ကြည့်၍ နေ၏။

“အို....စုံလို့ပါဘဲ မေမေ ရယ်၊ ကဲ.... ထမင်း မစားကြ သေးဘူးလားမေမေ.... ဆာလှ ပြီ....”

ထမင်း စားချိန်တောင် ရောက်နေပါပကော, ဟူသော ဆိုလိုချက်ဖြင့် အတူးက ပြော လေသည်။

“အေးလေ စာကြည့်တာ ဟာ ကောင်းတော့ကောင်းပါ တယ်၊ ဒါပေမဲ့ သိပ်လွန်လွန်း တော့ လူကို ဥပါဒ် ပေးတတ် တယ်၊ အတူးလဲ ဒါတွေ သိ သားဘဲ....” ဟု ခင်မေထွေး သည် ပြောပြောဆိုဆို ဖြူနု သော လက်တို့ဖြင့် စားပွဲပေါ် ရှိ မဂ္ဂဇင်း စာအုပ်များ နှင့် ကျောင်းသုံးစာအုပ်များကို တခုပြီးတခု ဆွဲယူကြည့်လေရာ–

“အို.... မေမေကလဲ” ဟု အတူးက ဖြတ်ကနဲ ထကာ က မန်း ကတန်း ခင်မေထွေး၏ လက်ကို ဆွဲကိုင်ထားလေသည်။

“ဘာရှိလို့လဲ လူလေးရဲ့”

အတူးကား ဘာမှ ပြန်၍ မပြော.....။

“မေမေ့ကိုတောင် မသိစေရဘူးလားကွယ်....”

ခင်မေထွေးသည် တောင်းပန်သလို ပြောပြန်၏။ ထိုပျက်စီးလွယ် စိတ်နုနယ်သည့် လုလင်ငယ်သည် မိမိ အပေါ်တွင် လျှို့ဝှက် ထားရန် အကြောင်း မရှိသင့်ဟု တွေးထင်မိ၏။

“မေမေ့ကိုတောင် အသိမပေးဘူးလား၊ အတူး ဒီလိုအံ့ပုန်းတော့ မလုပ်နဲ့ကွယ်။ ဘွင်းဘွင်း ပြောပါကွဲ့။ စာအုပ်ဘဲ မဟုတ်လား....”

“ဟုတ်ကဲ့....”

“ဘာစာအုပ်မို့လဲကွဲ့....”

စာအုပ်ထပ် အောက်၌ကား ပန်းချီကား စာအုပ် ၂–အုပ် ကို တွေ့ရလေသည်။

“အရုပ် စာအုပ် တွေပါလား ....” ဟု ပြောရင်း ဆွဲယူမိသော ခင်မေထွေးသည် စာအုပ်ကို လွတ်မကျသွားအောင် မနဲ သတိထား၍ နေရ၏။ စာအုပ် များကား သူ၏ အသဲစွဲ မေတ္တာရှင် ပန်းချီဆရာ ကိုမြင့်သန်း၏ ပန်းချီနှင့် တကွသော ကဗျာစာအုပ် မဟုတ်ပါလော။ စာအုပ်ကို လှန်လိုက်သည်နှင့်တပြိုင်နက် တွေ့ရသည်မှာ သတိရဘွယ်ရာ ယနေ့တိုင် မမေ့နိုင်သေးသည့် ကိုမြင့်သန်း၏ လက်ရာ....

ဤ တကြိမ်တွင်မူ ခင်မေထွေးဘက်က စိတ်မလုံ သလိုဖြစ်နေ၏။ အတူးကား ငိုင်နေသည့် မိခင်အား အံ့အားသင့် စွာ ကြည့်မိ၏။

## ကြိုက်မိသူမှာ

စောင့်မျှော်၍သာ၊ နေ
ခဲ့ပါသည်။

ရောက်လာမရှိ ပျိုတမိ
အား၊

မချိုလျက်ပင်၊ နေ့စဉ်
အမြဲ၊
သည်မောင်စွဲကာ– နေ
ခဲ့သာတည့်၊
ထက်ယံအာကာ၊ စန်း
သော်တာသည်၊
ရင်မှာပွေ့ရန်၊ ခဲယဉ်း
မှန်လည်း၊
သိဉာဏ်မရှိ၊ လူအနွံ
ကား၊
စွဲမိ စွဲရာ၊ နေလေရှာ
တည့်။
ပမာထို့တူ၊ သူနှင့်ငါ
တို့၊
ဖူးစာမဆုံ၊ ကွဲခဲ့ ထုံ
လည်း၊
အာရုံမပျက်၊ ရမ္မက်ကြီး
စွာ၊
ချစ်ငွေ့ ဖြာခဲ့၊ ကြမ္မာ
နည်းစွ၊
ငါ့ဘဝကား၊
ကယ်မ–မည့်သူ–ဝေးခဲ့
ပြီ။

မဖြေတဲ့တတ်ပြီ

မဖြေတဲ့တတ်ပြီ။ ။
ဆုပြည့်စုံ စေတီဦးမှာ
လ၊ ကြည်နူးဘွယ် လေ
လေပြေသွဲ့ပြန်တော့၊
ခွန်းနွဲ့ကာ ငြိမ့်ငြိမ့်
ညောင်းရယ်နဲ့၊
ခေါင်းလောင်း သံချို
ချိုအေးတို့ကလဲ၊
ဆွေးစေဘို့ရည်။ ။
ကြင်ဘော်ကင်းပါလို့
ပျင်းရိဘွယ် လူ့စခမ်း
မှာဖြင့်၊
ရွှင်လန်းဘွယ် မူရာစုံ
နှင့်၊
ပြုံပြာစွာ ကြင်နာပွား
သူလဲ၊
ရှောင်ရှားဘွေ ကြာ
လေဝေးပြီမို့၊
တွေးမိတိုင်း ဖြေမဆီ၊
မကြည်ခဲ့နှလုံး။ ။
တွေ့–ဆုံ–ကွဲ၊

မလွဲဓမ္မတာပေမို့၊
တ ချော်ကာ ဒီဘဝ
တွင်ဖြင့်၊
ခင်နဲ့ မောင် ဝေးရာ
ကြသော်လဲ၊
ဘဝစဉ် ဖြစ်လေတိုင်း
မှာလ၊
မဆိုင်းပင်မနေမပျိုနှင့်
တွေ့ရရန်ကျွန်ရည်သန်
၍၊
စေတီယံ ထံတော်ပါး
မှာလ၊
ညွှတ်တွားခါ ဆုမွန်
ကောင်းကို၊
တောင်း ခဲ့ မောင်
ဘုန်း။ ။

ကိုမြင့်သန်း၏ ကဗျာ စာစုတို့ကား ခင်မေထွေး၏ တရိရိ နွမ်းနေသည့် အသဲဆိုင်တို့အား မချိတရိနှင့် ပန်းစေကြလေပြီ။ ကိုမြင့်သန်း ဤလို ကဗျာ မျိုး အရပ်မျိုး ဆွဲရေး လောက် အောင် ကြေကွဲဘွယ်ရာကို ဖန်တီးလာခြင်း သည်လည်း မိမိနှင့်မကင်း … ဟု တွေးမိပြန်သည်။

ဟိုစဉ် အခါကမူ ဒေါက်တာ ဝင်းမောင်နှင့် ခင်မေထွေးတို့၏ အိမ်တွင် ကိုမြင့်သန်း၏ ကဗျာစာအုပ်များ အရုပ်ကားများဖြင့်သာ ပြည့်နှက်လျက်ရှိခဲ့၏။ ယခုအခါမှာကား ကိုမြင့်သန်း၏ လက်ရာ ဆို၍ ဆေးဖော်စရာပင် မရှိတော့ပြီ၊ အကယ်၍ အိမ်တနေ နေရာတွင် ကိုမြင့်သန်း၏ ပစ္စည်းတခုခုကို တွေ့ရှိပါကလည်း ဒေါက်တာ ဝင်းမောင်သည် မီးရှို့ပစ်မည် မလွဲပေ။ သို့စဉ်လျက် အဘယ်ကြောင့် အတူးသည် ဤကိုမြင့်သန်း၏ စာအုပ် ကိုမှ ဝယ်ခဲ့လေသနည်း။

“အဟောင်း ဆိုင်မှာ တွေ့တာနဲ့ ကျွန်တော့်မုန့်ဘိုးထဲက ဝယ်လာခဲ့တယ်….”

ကိုမြင့်သန်းကား ယခုအခါ

တွင် တိမ်မြုပ် ခေတ်ကုန်ခဲ့ပေပြီ၊ သို့သော် ဟိုယခင် ငယ်ရွယ်စဉ်အခါက ရေးဆွဲခဲ့သည့် ကဗျာနှင့် ပန်းချီကား စာအုပ်တို့ကိုမူ စာအုပ်ဆိုင် အချို့၌ တွေ့နိုင်သေးသည်။ ဤကဗျာစာအုပ်သည်လည်း နောက်ဆုံးထုတ်ဝေရာ စာအုပ်များတွင် အပါအဝင်ဖြစ်သဖြင့် ကြော်ကြားလှသည့် စာအုပ်ဖြစ်ရာ.... အဟောင်းဆိုင်က ဝယ်ခဲ့သည်ဟု ဆိုသော်လည်း ပေါပေါရလိမ့်မည် မဟုတ်ဟု ခင်မေထွေး တွေးမိပြန်သည်။

"ဘာဖြစ်ဖြစ်.... လိုချင်တာရှိရင် မေမေ့ကို ပြောမှပေါ့"

"ဟုတ်ကဲ့.... နောက် ဒီလို မလုပ်တော့ပါဘူး"

"အို.... ဒီလိုလဲ ဘယ်ဟုတ်မလဲ"

အကယ်၍သာ.... အတူးက ကိုမြင့်သန်း၏ စာအုပ်များကို လိုချင်ပါသည်၊ ပူဆာပါက.... ခင်မေထွေး လွယ်ကူစွာ ဝယ်ယူပေးနိုင်ပါမည်လော၊ မဖြစ်နိုင်ပါ၊ ယခုကဲ့သို့ ကိုမြင့်သန်း၏ ကဗျာစာအုပ် ၂-အုပ် ဤအိမ်ပေါ်တွင် ရောက်နေခြင်းကိုပင် ဒေါက်တာ ဝင်းမောင် သိသွားပါက မည်သို့ နေရှာလိမ့်မည်နည်း။

"လူလေး, မေမေပြောတာ နားထောင်ပါ၊ ဒီ ဆရာရေးတဲ့ ကဗျာတို့, အရုပ်ကားတို့ဟာ ခလေးတို့နဲ့ မသင့်တော်ဘူးလို့ မေမေ ထင်တယ်၊ ဒီပြင် လူရဲ့စာအုပ်ကို ဘတ်နော်....၊ မေမေ ကိုယ်တိုင် ဝယ်ပေးပါ့မယ်"

ကိုမြင့်သန်း၏ စာအုပ်များ ဝယ်ထားသည်ကို မိမိက ကြည်ဖြူနေကြောင်း.... ဒေါက်တာ ဝင်းမောင် သိသွားပါက.... နဂိုက မသင်္ကာ ဖြစ်နေခြင်းသည် သာလွန်၍ ဆိုးဝါးချေတော့မည်။

"ကဲ....မေမျှော်, ထမင်းသွားစားကြပါစို့၊ သား....ဆာလှပြီ...."

အတူးသည် ထိုင်ရာမှ ထကာ သူ့အမေ၏ လက်ကိုဆွဲ၍ ခေါ်ခဲ့၏။

"မေမေ ဘာဖြစ်လို့ ဒီဆရာရဲ့ စာအုပ်တွေကို မဘတ်နဲ့လို့ ပြောတာလဲဟင်၊ ကျွန်တော်တော့ သိပ် သဘောကျတာဘဲ၊ ဟောဒီ ဆရာရဲ့ ကဗျာတို့ အရုပ်တို့ ကြည့်နေရ ဘတ်နေရရင်လေ ဘာဖြစ်လို့လဲ မသိဘူး၊ သိပ်ပျော်တာဘဲ.... ကျောင်းစာ ကြည့်လဲ မပျက်ပါဘူး၊ ဘတ်ပါရစေ.... မေမေ ရယ်နော်...."

"သဘော ကျတယ်လား" ဟု ခင်မေထွေးသည် လွှတ်ခနဲ မေးမိပြီးမှ ....

"ဒါပေမဲ့....ဒီဟာ ခလေးတွေ ဘတ်စရာမဟုတ်ဘူး၊ လူကြီးတွေ ဘတ်စရာ၊ အချစ်ရူးရူးနေတဲ့ လူတွေ ဘတ်စရာ၊ အတူး လူကြီးဆိုရင် ကိစ္စမရှိဘူး၊ အဲ့ဒီအခါကျတော့မှ ပေးမယ်၊ အခု မေမေ သိမ်းထားမယ်...." ဟု ဆက်ပြောမိပြန်၏။

အတူးကား မကြေနပ်သည့် သဏ္ဌာန် အံကြိတ်၍ နေလေသည်။

"ဟုတ်လား.... နားလည်ပြီ မဟုတ်လား...."

"နောက်ပြီး ဘာဖြစ်လို့ လဲ မသိဘူး၊ အဲဒီ ဆရာရေးသမျှ အရုပ်တွေဟာ မေမေနဲ့ သိပ် တူတာဘဲ၊ အမူအရာရော လက်ဟန်ခြေဟန်ရော တဖုံထဲဘဲ၊ အသံမထွက်လို့သာ အသံထွက်ရင်လဲ တသံထဲ နေမှာဘဲ ထင်တယ်"

"အို....မင်းနှယ် ကြံကြံဖန်ဖန်ကွယ်"

"မဟုတ်ဘူး.... တကယ် ပြောတာ၊ ဒါကြောင့်မို့ သူ့

စာအုပ်တွေကို ကျွန်တော် ကြိုက်တာပေါ့”

ခင်မေထွေးသည် မိမိတို့၏ အတွင်းရေးအား ခလေး သိနေရော့သလားဟု တွေးမိပြန်သည်။

“နော်.... မေမေ, မေမေနဲ့ အဲဒီလူနဲ့ သိဘူးတယ် မဟုတ်လား၊ ဟင်, မေမေ့အသိ မဟုတ်လား”

ခင်မေထွေးသည် စိတ်မလုံသလို ဟိုဟိုဒီဒီ လှမ်း၍ ကြည့်ရာက “အို.... ကပ်သီးကပ်သပ်၊ ဘယ်လိုလူလဲ၊ ဘယ်က သိရမှာလဲ....’ဟု ခေါင်းခါကာ ငြင်းလေ၏။

“ဒါဖြင့် အတော်ဆန်းတာဘဲနော်၊ ကျွန်တော်လဲ သူ့လိုလူမျိုးဖြစ်ချင်တယ်၊အရုပ်လှလှလေးတွေဆွဲ၊ကဗျာတွေရေး၊ အံမာ ဆရာကတောင် ကျွန်တော့ကို ကဗျာတော်တယ်တဲ့ ပန်းချီလဲ မညံ့ဘူးတဲ့....”

“အတူး ....တိတ်–တိတ်စမ်း ထမင်းစားမှာစား၊ ဒီစကားကိုတော်တော့....”

စိတ်မချမ်းသာစွာ ထွက်ပေါ်လာသော ခင်မေထွေး၏ စကားသံသည် အားရပါးရ ပြောနေသော အတူး၏စကားသံကို ရပ်စဲစေခဲ့လေသည်။

ထမင်းစားပြီး၍ အိပ်ရာသို့ ဝင်ချိန် ရောက်သဖြင့် အိပ်ရာပေါ်တွင် လဲလျောင်းနေသော်လည်း ခင်မေထွေးမှာ ညနေကပြောခဲ့သော အတူး၏စကားဆန်းများ မနေ့က ကိုဝင်းမောင်နှင့် ဖြစ်ပျက်ခဲ့သည့်ဆူဆူပူပူ အမှုအခင်း များကြောင့် စိတ်အနှောင့် အယှက် အာရုံတွေ ဘရောက်ဘရက် ဖြစ်ခါ တော်တော်နှင့် အိပ်မရတော့ချေ။

“ဟုတ်တယ်.... ဟုတ်တယ် ကိုမြင့်သန်း ဆွဲသမျှတွေဟာ ငါ့အရုပ်တွေချည်းဘဲ၊ ဒီအရုပ်

တွေကိုဆွဲပြီး သူ့ကိုယ်သူ ဖြေဖျော်လို့မရတော့ဘဲ အဆုံး မှာ လူလုံးမလှ....”

ခင်မေထွေးသည် ဆက်၍မတွေးရဲတော့....

အိပ်ရာတွင် ဘယ်လူးညာလိမ့်ရင်းက လွန်ခဲ့သည့် ၁၆–နှစ်ကျော်ကျော်က အကြောင်းများကို တရေးရေးတွေးမိလေတော့သည်။

**“မေ့ပါခဲ့နိုင်”**

ချစ်ချင်းငယ်ပြိုင်။
မြစ်မင်းပိုင် အာဏ္ဏာဝါ
ထက်၊ ပြန်မသာကဲ။ ။
ယွန်းစေ့မသုန် ...... ငွေ
ဝန်းလေ.... သော်တာ
ယုန်သို့, ကမ္ဘာကုန်
ကျယ်သရွေ့ကို၊ ဘယ်
မေ့လိမ့်မလဲ။ ။

“ကဲ.... ကိုကိုဝင်း ဘယ့်နှယ် သဘောရသလဲ....အနက်အဓိပ္ပာယ်နဲ့ မပြည့်စုံဘူးလား၊ ဘယ်လောက်နူးညံ့တဲ့ စာသားတွေလဲ....”

ခင်မေထွေးသည် စန္ဒယားခလုတ်ပေါ်တွင် ဖြူဖွေး ပြည့်ဖြိုးသည့် လက်ချောင်းကလေးများကို လှုပ်ရှားရင်းက–နံဘေးနားတွင် ထိုင်နေသောဒေါက်တာ ဝင်းမောင်အား ....ရီရီ မောမော ပြောခဲ့လေသည်။

စင်စစ်– ဒေါက်တာ ဝင်းမောင်မှာ ခင်မေထွေးနှင့် စေ့စပ်ထားသူဖြစ်သောကြောင့်သာ– ဤမျှကြာကြာ ပတ်ပျိုးတပုဒ် ဆိုးသည်အထိ အားနာပါးနာ ဆိုသလို နားထောင်နေခြင်းဖြစ်၏။ ဘိလပ်ပြန် ဆရာဝန်ဘွဲ့ရ– လောကဓာတ် ပညာကိုသာ လိုက်စားလာခဲ့သူ ဒေါက်တာဝင်းမောင်မှာ ဂီတပညာ၌ စိတ်မဝင်စား၊ သူစိတ်

ဝင်စားနေသည့်– အရာကား ခင်မေထွေး၏ အချိုးကျကာ… ကျန်းမာရေးနှင့် ပြည့်စုံသည့် ခန္ဓာကိုယ်သာ ဖြစ်လေသည်။ သူ၏မျက်လုံး အိမ်ထဲတွင် ခင်မေထွေးနှင့် အတူ ယှဉ်တွဲကာ ပျော်ပျော်ပါးပါး သွားလာနေထိုင်ရင်းက မိမိ ဘာသာ ဆေးရုံ တရုံဖွင့်၍ ထယ်ထယ်ဝါဝါ နေကြမည့် အရေးတွေကိုသာ မြင်ယောင်နေ၏။ တက္ကသိုလ်နယ်တခွင်တွင် နာမည်ထင်ပေါ်ခဲ့သူ ခင်မေထွေး၏ လက်သံကို နားမဝင်နိုင်ခဲ့….။

ထိုကြောင့် ခင်မေထွေးက ဂီတချီးမွမ်းခန်း ဖွင့်နေသည်ကိုပင် ဂရုမစိုက်ဘဲ "အို….အလကား အလုပ်တွေပါ အထွေးရာ"ဟု– ပြောမိပြောရာ ပြောရင်းက အသက် ပြင်းပြင်း ရှူထုတ် လိုက်လေသည်။ ဒေါက်တာ ဝင်းမောင် စိတ်မပါမှန်းသိသော ခင်မေထွေးသည်စန္ဒယားခုံမှထကာ ဒေါက်တာဝင်းမောင်၏ နံဘေးရှိ ကုလားထိုင်တွင် ဝင်၍ ထိုင်လိုက်၏။

အတော်ကြာတော့မှ ခင်မေထွေးသည် "ဒီမယ်…. ကိုကိုဝင်း၊ အထွေးလေ…. အထွေးကိုယ်ကို ပုံတူဆွဲမလားလို့ စိတ်ကူးနေတယ်၊ ကိုကိုဝင်းကို ပြောချင်နေတာ ကြာလှပြီ"ဟု စကား–စလေသည်။

ဖြူဝင်းသောအသား ကြော့ရှင်းသည့် ကိုယ်ဟန်၊ အချိုးကျသည့်ကိုယ်လုံး၊ အမြဲတန်း ချိုပြုံးလျက်ရှိသော နီတျာတျာ နှုတ်ခမ်း၊ အဆင်ပြေသည့် နှာတံ၊ ကော့ပျံ နေသည့် မျက် ခုံး၊ ကြည်လင်ဝိုင်းစက်သော မျက်လုံး၊ နက်မှောင်သည့် ဆံပင်တို့ဖြင့် ဆင်တိုင်းယဉ်, ပြင်တိုင်းလှ အချောတကာ့ ထိပ်ခေါင်တင်တယောက်ဟု တက္ကသိုလ် ကျောင်းတော်တွင် နာ

မည့်ကျော် လောက်အောင် အလှဂုဏ် ပြည့်လျှမ်းလျက်ရှိသူ ခင်မေထွေးသည် မိမိ၏ အပျိုဘဝအား တော်တော်နှင့် မစွန့်လွှတ်ချင်ပေ။

ထိုစဉ်က လန်ဒန်မှ ပြန်လာပြီးစဖြစ်သော ဒေါက်တာဝင်းမောင်မှာ အစိုးရဆေးရုံကြီးတွင် ဆရာဝန်ကြီး တဦးဖြစ်သူ ခင်မေထွေး၏ ဘခင်ဦးဘထွေး၏ လက်အောက်၌ ဝင်ရောက်ခါ ကူညီလုပ်ကိုင်နေရဆဲဖြစ်သဖြင့် မင်္ဂလာကိစ္စမှာ ကြန့်ကြာ နေခဲ့ခြင်း ဖြစ်လေသည်။ တက္ကသိုလ် ယမင်းရုပ်ကလေးဟု ကျောင်းကပွဲ ညှော့ခံပွဲများတွင် စန္ဒယားအတီးရော အဆိုပါ နာမည် ရခဲ့သော အလှဘုရင်မကလေးမှာ မိမိ၏ ရုပါရုံကို နောက် လူတို့အား ကြွားလိုသေးသည့် ဆန္ဒရှိရှာပေမည်။

"အင်း ....ဆွဲလေ....ဆွဲပေါ့ ကောင်းသားဘဲ။ ဘယ်သူ့ဆီမှာ ဆွဲမှာလဲ၊ ပန်းချီဆရာ... တွေ့နေပြီလား ...."ဟု ဒေါက်တာ ဝင်းမောင်က ကြည်ဖြူစွာ ထောက်ခံလေသည့်ပြင်၊ သူကိုယ်တိုင်လည်း ချစ်သဲညှာကလေး၏ ရုပ်သွင်ကို မှုမပျက်ဆွဲယူနိုင်မည့် ပန်းချီဆရာကို စဉ်းစားနေလေသည်။

ခင်မေထွေးသည် ပန်းချီဆွဲရန် ကြံကတည်းက ပန်းချီဆရာတယောက်ကို တွေ့ထားခဲ့၏။ ထိုသူကား ဝတ္ထုမဂ္ဂဇင်းတို့၏ မျက်နှာဖုံးတိုင်း လိုလိုကိုပင် ရေးဆွဲ နေရုံမျှမက.... မကြာသေးမီက ကျင်းပခဲ့သော ပန်းချီ ပြိုင်ပွဲတွင် ပဌမ ဆွဲခဲ့သူ ဘိလပ်ပြန် ပန်းချီဆရာ ကိုမြင့်သန်းပင် ဖြစ်တော့သည်။

ထိုအချိန်အခါကဆိုလျှင်.... ပန်းချီဆရာ ကိုမြင့်သန်း၏ နာမည်သည် တနိုင်ငံလုံး လူတိုင်း၏ ပါးစပ်ဖျားတွင် သီး၍ နေ

၏။ ကိုမြင့်သန်း၏ အရုပ်ကားများ၏ အဆင် အပြင် များကို ယူကာ ဖက်ရှင်သစ် ထွင်ကြ၏။ ပန်းချီအရာတွင်သာမက မြန်မာကဗျာလက်ာမှု၌ပါ ကျွမ်းကျင်သော ကိုမြင့်သန်းကား ကဗျာနှင့် တကွသော ပန်းချီစာအုပ်များကို ရောင်း၍ စီးပွားရေး ချောင်လည်ခဲ့၏။ အမြဲတန်း ကြည်လင် ပြုံးရွှင်ကာ အသက် ဝင်နေသည့် ပန်းချီကားများမှာ မြင်သူတိုင်း မဝယ်ဘဲ မနေနိုင်ဖြစ်ခဲ့ရ၏။ ကဗျာဝါသနာအိုး .... ခင်မေထွေးလည်း ကိုမြင့်သန်း၏ စာအုပ်ထွက်တိုင်း ဘတ်ခဲ့သူ တယောက် ဖြစ်လေသည်။

"ဟို....ကိုမြင့်သန်းဆိုတဲ့လူ မကောင်းဘူးလား...."ဟု ခင်မေထွေးက.... အစ ဖော်ပေးတော့မှ ဒေါက်တာ ဝင်းမောင်မှာ သတိရလာသည့် ဟန်ဖြင့် နဖူးပြင်အား လက်ဝါးနှင့် ရိုက်လိုက်ပြီး ....

"မြင့်သန်းလား။ သူ, ကိုကိုတို့နဲ့ ငယ်သူငယ်ချင်းတွေဘဲ၊ ဘိလပ်မှာလဲ အတူတူ နေလာတာဘဲ၊ အထွေး– သွားချင်တဲ့ အချိန်မှာပြောလေ...."

ကိုဝင်းမောင်၏ စကားကြောင့်.... ခင်မေထွေးသည် အားတက်မိလေသည်။ အလိုလိုက်ခါ စိတ်ကြိုက်ကို ဖြည့်စွမ်းသည့် ချစ်သူအား ကြေနပ်မိ၏။

"ဒါဖြင့် ကိုကိုဝင်း ဒီကနေ့ လိုက်ပို့ပါလား၊ အထွေး တယောက်ထဲတော့ မသွားရဲဘူး ...."

"အို.... ဘာများ ကြောက်စရာရှိလို့လဲ.... ဒီအကောင်က သိပ် သဘောကောင်းတဲ့ အကောင်.... သူနဲ့တွေ့ရရင် ပျော်ရတာချည်းဘဲ၊ ငယ်ငယ် ရွှယ်ရွှယ်နဲ့ နာမည်ကျော် တယောက်

ဖြစ်နေပေမဲ့....ဘယ်တော့မှ ဟန်ကြီးပန်ကြီး မလုပ်ဘူး၊ စိတ်ထားကလဲ နူးညံ့၊ အပြောအဆိုလဲ ယဉ်ကျေး ....' ဟု ဒေါက်တာ ဝင်းမောင်က အားရပါးရ ကိုမြင့်သန်းအတွက် တာဝန်ခံနေသည့်တိုင်အောင်....

"အိုး ....ဒါကတော့ ကိုကိုဝင်းနဲ့က လည်ပင်းဖက်ကြီးလာတဲ့ ငယ်သူငယ်ချင်းတွေကိုး"

ဟု ခင်မေထွေးက ဆင်ခြေတက်နေပြန်သည်။

"မဟုတ်ဘူး– အထွေး .... ဒါကြောင့် မဟုတ်ပါဘူး၊ အခုမှ တွေ့ရတဲ့လူကိုလဲ ငယ်ပေါင်းလို ခင်မင်တတ်ပါတယ်၊ သူကတော့ ဘယ်သူ့ဖြစ်ဖြစ်– ဖော်ဖော်ရွေရွေဘဲ၊ ဒါကြောင့်မို့ ကြည့်ပလား၊ သူ့အရုပ်တွေဟာ ဘယ်တော့ဖြစ်ဖြစ် ကြည်ကြည်လင်လင်– ရွှင်ရွှင်ပြုံးပြုံးနဲ့ချည်းဘဲ...."

"ဒါပေမဲ့.... မသွားရဲတာက– ဟို...."

"အင်း .... ဘာများပါလိမ့်"

"ဟို.... သူ့ မိန်းမလား.... ဘာတဲ့...ကြူကြူဆိုတဲ့ မိန်းမ– သူ့ပန်းချီကားတွေမှာ ပုံတူဆွဲတဲ့ မိန်းမချောချော....'

"အော်.... သူလား၊ သူက မြင့်သန်း လန်ဒန်ကို မသွားခင်ကတဲက မြင့်သန်းတို့ အမေမွေးစားထားတဲ့ကောင်မလေး၊ မြင့်သန်း လန်ဒန်က ပြန်လာပြီး အဖွားကြီး သေသွားတော့.... သူတို့ ၂–ယောက် ကျန်ရစ်ခဲ့တာ လင်မယား မဟုတ်သေးပါဘူး၊ သူရှိတော့ကော ဘာဖြစ်သေးလဲ"

"ဒီလောက် ချောလှတဲ့ မိန်းမရှေ့မှာ အထွေးတို့လို အရုပ်ဆိုးကြီးက သွားရမှာ ရှက်စရာချည်း"

"အိုး ....မဆိုင်တာတွေပြောနေပြန်ပါပြီ"

မည်သို့ပင် တက္ကသိုလ်နယ်တွင် အလှ ဘုရင်မကလေးဟု ကြော်ကြားခဲ့လင့်ကစား တကဲ့ မိန်းမချောများနှင့် ဆက်ဆံခဲ့သူ ပန်းချီဆရာတဦး၏ ရှေ့တွင် မိမိခန္ဓာကိုယ်ကို ရုပ်ပြရန် အရေးမှာ ခင်မေထွေးအတွက် ရှက်သွေး ဝင်စရာပင် ဖြစ်လေသည်။ ဒေါက်တာ ဝင်းမောင် အဘို့တွင်ကား.... ဤကိစ္စမျိုး၌ နားမလည်ချေ။

"ဘာလဲ.... ဘယ်လိုလဲ မသွားဘူးလား–သွားမှာလား"

"ဘယ်သူက မသွားဘူးလို့ပြောနေလို့လဲ.... သွားမှာပေါ့၊ သွားချင်လို့ ပြောနေတာကိုများ ...."

ခင်မေထွေးသည် ချစ်စဘွယ် မျက်စောင်းကို ထိုးလိုက်လေသည်။

"သွားမှာဖြင့် လုပ်လေ.... ဘာလုပ်နေတာလဲ၊ ပြင်တော့လေ.... စိတ်တောင် ပျက်လာပြီ...." ဟု ဒေါက်တာ ဝင်းမောင်သည် စိတ်မရှည် သလို ညည်းလေသည်။

ဤတွင်မှ "အံမယ် ကိုကိုဝင်း စိတ်ပျက်တော့ကော.... ဘာအရေးလဲ...." ဟု ခင်မေထွေးက ရီရီမောမောနှင့်ပြောရင်း အိပ်ခန်းထဲသို့ ပြေးဝင်သွားလေသည်။ မကြာမီ "ကဲ... သွားကြစို့" ဟူသော အသံနှင့် တကွ ၂–ယောက်သား မော်တော်ကားဖြင့် ထွက်လာခဲ့လေသည်။

ကင်းဘဲလမ်းမှ ထွက်လာသော မော်တော်ကားသည် ပါတ်(က်)လမ်းအတိုင်း ထွက်ခဲ့လေ၏။ ကားမောင်းသူမှာ ဒေါက်တာ ဝင်းမောင်ဖြစ်၏။ တလမ်းလုံး မည်သူမှ စကားမပြောကြ၊ ကားသည် ချာချီလမ်း ကုတ်ကိုင်းလမ်း ယူနီဘာစီတီလမ်းအတိုင်း မောင်းကာ.... ကမာရွတ် ဌာနာလမ်း

ဆုံးမှ ပြည်လမ်းဘက်သို့ ချိုး ဝင်ခဲ့လေသည်။ အင်းလျားကန် နားရောက်တော့မှ ခင်မေထွေး က စကားစ,လေသည်။

"ဘယ်အထိတောင် သွား ရမှာလဲ အဝေးကြီးလား"

"ကိုးမိုင်တင်ပါ ရောက်ခါ နီးပါပြီ...."

"သူ အိမ်မှာ ရှိမှရှိပါ့ မ လား၊ မြို့ထဲများ သွားနေရော့ သလား"

"ရှိပါတယ်၊ ဒီအကောင်က အရုပ်ဆွဲ– စာရေးနေရမယ်ဆို ရင် ဘယ်မှမသွားဘူး၊ ဒီအ လုပ်ဟာ သူ့အဘို့ အပျော်ဆုံး ဘဲ...."

ခင်မေထွေးကား ဝမ်းသာ နေဟန်ရှိသော်လည်း လန့်စိတ် မပျောက်သေးချေ၊ ကိုမြင့်သန်း တယောက်ထဲရှိရင် တော်ပါ သေးရဲ့ .... ကြုံကြုံပါ ရှိနေမှ ဖြင့်....စသည်ဖြင့် ရင်တဒိတ် ဒိတ် ခုန်နေ၏။ ကားသည် မရမ်းကုန်း ဌာနာကို ကျော်ခဲ့ ပြီး ပြည်လမ်း ဟော်တယ်ကို လွန်ခဲ့၏။ ထိုမှ လမ်းမကြီး၏ ဘယ်ဘက် မြေနီလမ်းကလေး အတွင်းသို့ ဝင်ခဲ့လေသည်။ မကြာမီ ကားသည် ပုဏ္ဏရိပ် ပင်၊ ပန်းပင်၊ ကွမ်းသီးပင်တို့ ဝန်းရံထားသောကြောင့် .... စိမ်းလန်း စိုပြေလျက် ရှိသည့် တိုက်ခံအိမ် တလုံးရှိရာသို့ ဝင် ရောက်လာ၏။ ကားရပ်လိုက် သည်နှင့်တပြိုင်နက် အိမ်တွင်းမှ ခင်မေထွေးနှင့် မတိမ်းမယိမ်း မိန်းမတယောက် ထွက်လာကာ "အကိုလေးနဲ့ တွေ့ချင်လို့ လားရှင်၊ ဘာကိစ္စပါလဲ"ဟု ဆီး ကြို နှုတ်ဆက်၏။ ခင်မေထွေး ကား.... မျက်နှာကို မြင်ရုံမျှနှင့် ကိုမြင့်သန်း၏ ပန်းချီကားတွင် မြင်ရနေကျ– ကြုံကြုံမှန်း သိ လေသည်။

"ဟုတ်တယ်.... ကိုမြင့်သန်း ရှိသလား...."

"ဟုတ်ကဲ့.... ရှိပါတယ်.... ကြွပါ... ဝင်ခဲ့ပါ– အကိုလေး... ဟောဒီမှာ.... ဧည့်သည်တွေ လာနေတယ်...."

ကြုံကြုံသည် ပြာပြာသလဲ ကိုမြင့်သန်း ရှိရာသို့ လှမ်းခေါ်လေသည်။ ချက်ခြင်းပင် ကိုမြင့်သန်း ထွက်လာ၏။ အရပ်ဆွဲနေခိုက်ဖြစ်ဟန်တူသော ကိုမြင့်သန်းသည် အနောက် နိုင်ငံသား ပန်းချီဆရာကြီးများ ဝတ်လေ့ရှိသည့် အင်္ကျီရှည်ကြီးကို ဝတ်ထား၏။ မျက်ခုံးကောင်း မျက်လုံးပြူးပြူး နှာတံပေါ်ပေါ်နှင့် ဒေါက်တာ ဝင်းမောင်လောက် မဝသော်လည်း ညီညွတ်သော ကိုယ်လုံးရှိသူ ကိုမြင့်သန်းကား လူချော တယောက် ဖြစ်လေသည်။

"ဟာ.... ဝင်းမောင်ကြီး ငါ့ ဘယ်သူတွေလဲလို့...."

ကိုမြင့်သန်းကား အံ့အားသင့်စွာ ပြောနေရာမှ ခင်မေထွေးအား သေချာစွာ ကြည့်လေ၏။

"အေးကွာ.... လန်ဒန်က ပြန်လာကတဲက ခုမှ တွေ့ရတော့တယ်၊ သူလား မင်းနဲ့ စေ့စပ်ထားတယ်ဆိုတာ...."

"အေး.... ဟုတ်တယ်"

"ဘယ်သူတဲ့.. မခင်မေထွေး မခင်မေထွေး .... သတင်းစာထဲမှာပါတာ.... မနဲ မှတ်ထားရတယ်။ ဟား ....ဟား ... ဒါဖြင့် မင်္ဂလာဆောင်ကျရင် လက်ဖွဲ့ဘို့ ရှာထားမှဘဲ"

ဝမ်းသာအားရ ပြောနေသော ကိုမြင့်သန်း၏ စကားကြောင့်.... ခင်မေထွေး ရှက်သွေးဝင်မိလေ၏။

"ကဲ.... ထိုင်ကြပါအုံး၊ ကြုံကြုံရေ.... ကော်ဖီဖျော်ခဲ့ပါကွယ်...."

ထွေရာလေးပါးပြောဆိုနေ

ခဲ့ကြရာမှ အထွေး၏ ကိစ္စ အ
တွက် စကား စ,ကြလေသည်။

"အော်.... ဆွဲတာပေါ့....
၂–ရက် ၃–ရက်နဲ့ ပြီးပါ တယ်၊
တနေ့ကို တနာရီလောက်
လာပါလား .... ဆွဲပေးပ့ါမယ်
လာနိုင်တယ် မဟုတ်လား...."

"ဟုတ်ကဲ့– လာနိုင်ပါတယ်
ရှင်...."

"ဒါဖြင့် ပီးတာဘဲ၊ အော်
ဒါထက် ခင်ဗျား စန္ဒယားတီး
တတ်တယ် မဟုတ်လား လုပ်
စမ်းပါဗျာ.... အပျင်းပြေ...."

ကိုမြင့်သန်းသည် ရွှင်ပြုံး
စွာ တောင်းပန်လေသည်။ ခင်
မေထွေးသည် ရုတ်တရက် လန့်
သွားကာ...."အထွေး.... သိပ်မ
တတ်ပါဘူး..."ဟု ငြင်းလေ၏။

"အို ဗျာ....လုပ်စမ်းပါဗျ၊
လူသာ အခုမှ တွေ့ဘူးရပေမဲ့
ခင်ဗျားရဲ့ သတင်းတွေကတော့
တက္ကသိုလ် တဝိုက်မှာ တော်
တော် ကလေး ပျံ့နေတာဘဲ၊
ဒီက ကြုံကြုံက အခုမှ သင်
တုံးရှိသေးတယ်.... သိပ်မတတ်
ရှာသေးဘူး၊ ကျွန်တော်လဲ
ဝါသနာတော့ ပါပါရဲ့.... သီ
ချင်းလောက်ဘဲ ဆိုတတ်တယ်၊
အတီးတော့ ဘာမှ မရဘူး....
လုပ်ပါဗျာ....စန္ဒယားလဲ ရှိပါ
တယ်...."

"ကဲ...ကဲ.... တီးပြလိုက်
ပါအထွေးရာ၊ သူက ပန်းချီနဲ့
နာမည်ယူတော့... အထွေးက
လဲ ဂီတပညာနဲ့ ကြွားလိုက်
တာပေါ့....ဟဲ....ဟဲ....ဟဲ...."

ဒေါက်တာ ဝင်းမောင်က
ရီရီမောမော တိုက်တွန်းပြန်
သည်၊ ကိုမြင့်သန်း ကလည်း
ဒီလိုပေါ့ဗျာ၊ တတ်တဲ့ ပညာ
မနေသာပေါ့–ဟု တောင်းပန်
နေရကား .... ခင်မေထွေးမှာ မ
တတ်သာတော့ဘဲ.... စန္ဒယား
ရှိရာသို့ ထွက်လာရတော့သည်။

## ချစ်တေးချိုချို

စန္ဒယားအဖုံးသည် ပွင့်လာကာ ဖြူဖွေးသော စန္ဒယား ခလုတ်များပေါ်တွင် ခင်မေထွေး၏ နုထွေးသော လက်ချောင်းကလေးများသည် လှုပ်ရှားစ,ပြုလာ၏။

“အော်.... ကြူကြူရေ.... လာပါကွ.... ဒီမှာ တီးကွက်ကလေး .... ဘာလေး အတုခိုးရအောင်....”

စန္ဒယားသံအကြားမှ ထွက်ပေါ်လာသော ကိုမြင့်သန်း၏ အသံနှင့် မရှေးမနှောင်းပင်.... “ဟုတ်ကဲ့–လာပါပြီ ကိုလေး” ဟူသော ကြူကြူ၏ အသံ ထွက်ပေါ်လာလေသည်။

“ကဲ–အခု ကြူကြူ တက်နေတဲ့ သီချင်းကို တီးပြပါ နော် ကျွန်တော်ဆိုပါ့မယ်....”

“ကြူကြူက ဘာသီချင်း တက်နေလို့လဲ....”

“ကျွန်မ အခု ပတ်ပျိုးထဲက တက်နေတယ် ဟို‘ဖြေလျှော့ခွေ’ ဆိုတာ ရတယ်မဟုတ်လား”

ကြူကြူ သည် ရိုသေ စွာ မေးရင်းက နံဘေးဘက်တွင် ဝင်၍ ထိုင်လိုက်လေသည်။

“ဟုတ်ကဲ့ ရပါတယ်၊ ကဲ ဆရာ ဆိုပေတော့....”

အထွေးသည် စန္ဒယားကို တီးစပြုလေသည်။

“ဖြေလျှော့ခွေ
ရိုကေ ရှိရှင်ထားသပ
လေ....
မုနိစိန္တေ ....
ပရမေကိုယ်တော်ဖျား
ငယ့်လေး ....”

အောင်မြင် ခန့်ညားသော ကိုမြင့်သန်း၏ အသံသည် စန္ဒယားသံနှင့် ရောပြွမ်းကာ တခန်းလုံးကို ဟိန်းစေလေသည်၊ တီးကွက် အပြည့်ဖြင့် ကျင်လည်စွာ တီးနေသည့် စန္ဒယားသံမှာ နားထောင်၍ မငြီး

နိုင်ခဲ့၊ ပတ်ပျိုး တပုဒ်လုံးမှာ လွမ်းဆွတ်ကြေကွဲဘွယ်ရာ စကားလုံးများဖြင့် ပြည့်နှက်နေသည့်ပြင် ဆိုနေသူ မှာလည်း ကရုဏာ သံ ပါနေရကား …. ကြားရသူတို့မှာ ပြီးဆုံးသည်ကိုပင် သတိမထားမိတော့ချေ။

သုံးဘုံတိုက်ပြင်၊
ယမိုက်လျှင် ရောင်ရှိန်ဝေသည့်၊
စိန္တေယျာဖျား။
ယိမ်းလှဲ့မကြို
စိမ်းမဲ့ပုံ သူပေါ်ပေါ့
အမှုတော် ဟန်ပန် ရအောင်
မှိုင်းမပါလား။ ။

သဖြန်ဖြင့်အဆုံးသတ်လိုက်လေသည်။

"အင်း ….ကောင်းပါပေရဲ့ဗျား ဒါပေမဲ့ ကျုပ်တော့ မကြိုက်ဘူး …."

ဒေါက်တာ ဝင်းမောင်က ရင်းနှီးသူချင်းပီပီ ချီးမွမ်းသလိုလိုနှင့် နှက်လိုက်၏။

"အို….ဒါကတော့ ခင်ဗျား မှ ဝါသနာ မပါဘဲကိုး ကျွန်တော်တို့ အဘို့မှာတော့ တကဲ့ကို ကြည်နူး တာဘဲ။ ကဲ ကြူကြူ မကျင်လည်သေးတဲ့ အပိုဒ်ကို ပြန်ပြခိုင်းလေ၊ နေပါအုံး ဟိုနေရာ ဘာတဲ့'ချစ်သူ, ငယ်သူကား, ဝေးပါပေ့ါဘုရား …. ထွေပြား သစ္စာဆိုသူ, မေတ္တာညိုမူ့, ညီးပြိ ထင့်လေး …. သွေရှားပြစ်ခွာ သစ္စာဆိုသူ ရှိပြီထင့်လေး …. ဆိုတာမှာ ကြူကြူ တီးတာထက် အကွက် စိပ်တယ်၊ ပြန်လုပ်စမ်းပါအုံး …."

ဝါသနာ ပါသူတို့ အဘို့တွင် ပျော်ရွှင်ကြည်နူးနေကြသလောက် ဝါသနာ မပါ သူ ဒေါက်တာဝင်းမောင်မှာ ပျင်းလာတော့သည်။ တဖြည်းဖြည်း လက်ရဲလာသော ခင်မထွေး

သည်ပင် ကိုယ့် အဆိုနှင့် ကိုယ့် အတီး ဖြစ်လာ၏။

"ဟေး ဘိုးဝင်းမောင် မင်း တကယ် ကံကောင်းတဲ့ အကောင်ဘဲ၊ မင်းမခင်မေထွေးနဲ့ ရတာ ကော်တာဘဲကွာ ဘာ ဖြစ်လို့ သူ့ကို စောစောကတဲက ငါနဲ့ မိတ်ဆက်မပေး သလဲ၊ စောစောက သိရင် ဘယ်လောက် ကောင်းလိမ့်မလဲ အသံကလဲ တကယ်ရှား ခေတ်ပြား သွင်းပါလားဟင်၊ ကိုယ့်အတီးနဲ့ကိုယ့်အဆိုဖြစ်ဖြစ်၊ ခင်ဗျား အတီးနဲ့ ကျွန်တော့အဆိုဖြစ်ဖြစ် "ဟင် ခေတ်ပြားသွင်း မလား လုပ်ပါ၊ ခေတ်ပြား ကုမ္ပဏီမှာ ကျွန်တော့ အသိတွေရှိပါတယ်...."

ကိုမြင့်သန်း၏ စိတ်ရောကိုယ်ပါ ချီးမွမ်းသံတို့လည်း ဆူညံခဲ့၏။

"ကဲ ပြန်ကြစို့ တော်ရောပေါ့ နောက်မှ တယောက်ထဲလာတာပေါ့" ဟုညနေစောင်းခဲ့၍ ကိုဝင်းမောင်က လောတော့မှ ခင်မေထွေးလည်း ထလေတော့သည်။ အပြန်တွင် ခင်မေထွေး၏ လက်ကိုကိုင်ကာ ကြူကြူက အမရင်းပမာ လိုက်ပို့ရှာ၏။

"မမထွေး နောက်ကိုလဲ လာအုံးနော်...."

ထိုနေ့မှစ၍ တရက်ခြား နှစ်ရက်ခြား စသည်ဖြင့် ခင်မေထွေး ရောက်လာတတ်လေသည်။ တနာရီ ကျော်ကျော်မျှ ပုံတူရေးဆွဲ၍ ကျန်သည့်အချိန်များတွင်ကား စန္ဒယားတီး သီချင်းဆိုကြခြင်း ဖြင့်သာ ကုန်လွန်စေခဲ့လေသည်။

"လာပါဗျာ နေ့တိုင်းလဲ အားရင်လာပါနော်၊ ကျွန်တော်တို့တော့ ခင်ဗျားကို သိပ်ခင်နေကြဘီ၊ ကြူကြူကဖြင့် ခင်ဗျားအကြောင်းကို ခဏ ခဏ ပြောရှာတယ်" စသော စ

ကားတို့သည် ခင်မေထွေး၏အပေါ်တွင် ထားရှိသည့် ကိုမြင့်သန်းနှင့် ကြူကြူတို့၏ မေတ္တာ ဓာတ်ကို ဖော်ထုတ်ရာ ပြယုဂ်များဖြစ်ခဲ့လေပြီ။

"အကိုလေး ...."

"ဘာတုံး ကြူကြူရဲ့"

"မမထွေးဟာ ရုပ်ချောသလောက် သဘောကောင်းတယ်နော်...."

"ဘာဖြစ်လို့လဲ ကြူကြူရဲ့...."

"ဘာဖြစ်လို့ရယ်တော့ မဟုတ်ပါဘူး ကြူကြူလေ သူ့ကို မြင်မြင်ချင်း အမရင်းလိုဘဲ ခင်မင်မိတယ်။ ငါ့အမ အရင်းဖြစ်ရင် ကောင်းမှာဘဲလို့ တောင်တွေးပြီး ဖြစ်ပါစေတော့လို့ ဆုတောင်းမိတယ်"

ကိုမြင့်သန်းကား ပြုံးရင်းငေးနေ၏။ ခင်မေထွေး၏ ဝင်းပသော သဏ္ဍာန်သည် မျက်လုံးထဲ၌ ရစ်ဝဲ၍ လာ၏။

"ကြူကြူသာ မဟုတ်ဘူး ကိုလေးလဲ သူရောက်လာတဲ့ နေ့ကစပြီး သူ့မျက်နှာကလေး ကိုသာ အမြဲတန်း မြင်ယောင်နေမိတယ်။ သူမလာတဲ့ နေ့ကျရင် ကိုလေးရင်ထဲမှာ ဘာဖြစ်မှန်းလဲ မသိဘူး ဟာတာတာနဲ့...."

ကိုမြင့်သန်း၏ အသဲနှလုံးကြားမှ ထွက်ပေါ် လာသော စကားများသည် နှုတ်ဖျား သို့ မရောက်မီ လည်ချောင်းထဲတွင် တစ်ဆို့ ပျောက်ကွယ်သွားသဖြင့် အပြင်သို့ ထွက်မလာဘဲ သက်ပြင်း ချသံ သာလျှင် လျှံထွက်၍လာ၏။ ပြင်းထန်သော သက်ပြင်းချသံကြောင့် ကြူကြူသည် လန့်၍ သွားလေ၏။

"ဒါပေမဲ့လေ ကြူကြူက တော့ ကိုလေးနဲ့ နေရတာကို ဘယ်တော့မှ မပျင်းဘူး၊ ကိုလေးလဲ ကြူကြူနဲ့ နေရတာ

စိတ်ချမ်းသာတယ်လို့ ထင်တယ်....”

ကြူကြူ ဘာကိုဆိုလိုသည်ဟု ကိုမြင့်သန်းမစဉ်းစား တတ်ခဲ့။

ကြူကြူကား စကားနဲသူတယောက် ဖြစ်လေသည်။ စာဘတ်ခြင်း စန္ဒယားတီးခြင်း အိမ်ထောင်မှု ထိန်းသိမ်းခြင်းတို့သည် ကြူကြူ၏နေ့စဉ်ဝတ္တရားများဖြစ်၏။ တခါတရံ ကိုမြင့်သန်းက ကိစ္စရှိ၍ ခေါ်မှ မိမိအခန်းမှ ထွက်လာကာ လျင်မြန် ဖြတ်လတ်စွာ ကိုမြင့်သန်းခိုင်းသမျှကို လိုက်နာ ကြေပွန်စွာ ဆောင်ရွက်တတ်လေသည်။

“ဟုတ်တယ်– ဟုတ်တယ်ကိုလေး အဘို့မှာ ကြူကြူလောက် ချစ်တဲ့သူမရှိသေးဘူး”

ကိုမြင့်သန်းသည် လေးလေးကြီး ပြောလိုက်၏။ သို့သော် ခင်မေထွေး၏ ရုပါရုံကား ဖျောက်ဖျက်၍ မရနိုင်ရှာ....

အမှားအမှန်၊ ထိုနှစ်တန်ကို။

ဝေဘန် ပိုင်းခြား၊ သိတတ်ငြားလော့။

စိတ်ထားဖြူစင်ကြည်လင်နှလုံး၊

ရွှင်ချိုပြုံးကာ၊နေအပ်စွာတည့်။

ပူဇျာပါစွဲ မျက်လုံးထဲတွင်

ပုလဲငွေဥ၊ မျက်ရည်စုတို့၊

ကျလု နီးမျှ၊ ဆွေးခဲ့ရလည်း

သောကမထား၊တရားသံဝေ၊

စိတ်ကိုဖြေခဲ့။ ။

ကိုမြင့်သန်းသည် ဖောင်တိန်ကို ဘေးသို့ ချလိုက်ပြီး.... “ဒီမှာ အထွေးခဏ” ဟုခေါ်လေ၏။

"ဘတ်ကြည့်စမ်းပါအုံး"

ကိုမြင့်သန်း၏ တောက်ပြောင် စူးယှသော မျက်လုံးဒါဏ်ကို ခင်မေထွေးမှာ မခံနိုင်သဖြင့် ကဗျာကို ဖတ်ပြီး ခေါင်းငုံ့နေ၏။

"နောက်လာမဲ့ ပန်းချီမြင့်သန်းရဲ့ ပုံတွေဟာ အထွေးရဲ့ပုံတွေချည်းဘဲ ဖြစ်တော့မယ်...."

"ဟင်–အထွေးထက် လှတဲ့သူတွေ ရှိသားနဲ့ဟာ...."

ခင်မေထွေးသည် အထိတ်တလန့် ဖြေလေ၏။ ယခုလက်ရှိ လက်စွဲတော် ကြူကြူပင်.... မိမိထက် လွန်စွာ လှပသူ တယောက်ဟု တွေးထင်မိသည့်အတိုင်း ဖြေခြင်း ဖြစ်၏။ ဤအချိန်အထိ ပန်းချီ မြင့်သန်း၏ အရပ်ကားတိုင်းတွင် ကြူကြူ ပါဝင်နေသည် မဟုတ် ပါလော။ ကိုမြင့်သန်းနှင့် တွေ့ဆုံရန် လာသူတိုင်း အံ့အားသင့်ကာ ငေး၍ ကြည့်မိသည့် အထိ လှပပေသည်ဟု ကျော်ကြား သူ တယောက်ကို လက်ကိုင်ထားသူက မိမိအား ဤကဲ့သို့ ပြောနေသည်မှာ ပြောင်လှောင်ခြင်း ပေလောဟု တွေး တောမိပြန်သည်။

"ဒါလဲ ဟုတ်ပါတယ် ဒါပေမဲ့ ဒီမှာကြည့်ပါအုံး ...."

ကိုမြင့်သန်းသည် ဖောင်တိန်ကို ကောက်၍ကိုင်ကာရေးပြန်လေသည်။

သူငါဆိုလှစ်၊ထိုအချစ်
ကား၊
အစစ် မှန်စွာ၊ ဘယ်
သောအခါမှ၊
ချမ်းသာ သုခ၊ မကြုံရ
တည့်၊
လောက တံထွာ၊မနေ
သာ၍၊
ငါ့မှာချစ်ပွဲ၊ ဝင်ကာနွှဲ
မိ၊

ဖြေလဲမပြေ၊ဆွေးစိတ်
ဝေခဲ့။
မျက်ရည် စက်လက်၊
ဝမ်းနည်းလျက်သာ၊
သို့ဖြစ်ပါလည်း၊ ဝါ
သနာကြောင့်၊
ကိုင်ကာစုတ်တံ၊ ရေး
မည့်ကြံတိုင်း၊
ထက်ယံနတ်ရွာ၊ ဘုံ
ကလာသော။
သူဇာ နတ်နွယ်၊ လှ
မျိုးကြွယ်၏၊
တင့် တယ် လှ စွာ၊
သဏ္ဌာန်သာလျှင်၊
ဘယ်ခါမပျက်၊ ပေါ်
ကာထွက်ခဲ့။ ။

ဆိပ်ငြိမ်လျက် ရှိသော နေ့လည်ချိန်ဖြစ်ခဲ့၏။ ဆိပ်ငြိမ်သည့် ဤအချိန်ဝယ် စကားသံ ကင်းမဲ့သော အခန်းတွင်၌ကား စက္ကူပေါ်တွင် ရေးခြစ်နေ သည့် နစ်သွား၏ အသံသာ ထွက်ပေါ်လျက်ရှိ၏။ ထိုအခိုက် ပြူတင်းပေါက်မှ တိုးဝင်လာသော လေရူးတို့ကြောင့် ခင်မေထွေး၏ နဖူးရှိဆံယဉ်တို့လှုပ်ရှားလျက်ရှိ၏။

"ကဲ– ရော့လေ ဘတ်စမ်းပါအုံး ...."

ကိုမြင့်သန်းသည် ဖောင်တိန်ကို ဒေါက်ကနဲမည်အောင် ချလိုက်ခါ သက်ပြင်းတချက်ချလိုက်၏။ ကဗျာကို ဘတ်ရင်း ခင်မေထွေးသည် လက်တွေတုံရင်တွေခုံလာ၏။ ချက်ခြင်းပင် နှစ်ယောက်ထဲ ရှိနေသည်ကို သတိပြုမိကာ ရှက်သွေးတွေ ဖြာလာ၏။ ဖြူဝင်းသော မျက်နှာကလေးမှာ ပန်းနုရောင် သန်း၍ လာတော့၏။ အခြားသူတယောက်ကသာ ဤလို ကဗျာမျိုးကို လာပေးပါက ခင်မေထွေးသည် ထိုသူအား ထုထောင်း ကုတ်ဖဲ့ကာ စာရွက်ကိုလည်း ဆုတ်ခြေပြီး တွေ့ကရာ ပြောပစ်မည်လား မလွဲချေ။

သို့ရာတွင် ယခုမှာမူ ခင်မေထွေးက ဘာမှ ပြန်မပြောဘဲ ဆိတ်ဆိတ်သာ နေမိလေသည်။

"အဟုတ် ကိုဘဲ ခင်ဗျား ဟာ ဟိုနတ်ဘုံ ခြောက်ထပ်က ဘုံကြိုးပြတ်ပြီး ကျလာတဲ့ နတ်မိမယ် ကလေးဘဲ၊ သူဇာ အနွယ်ဝင်ကလေးမို့ ကျွန်တော် တို့လို လူတွေနဲ့ မအပ်စပ်ဘူး မနီးစပ်နိုင်ဘူး၊ ဒါပေမဲ့ ကျွန် တော် ကျေနပ်ပါတယ်၊ ကျွန် တော်ဟာ မိန်းမတွေ အများ ကြီးနဲ့ ဆက်ဆံ ဘူးခဲ့တယ်။ မိန်းမတွေကို မိတ်ဆွေ ဖွဲ့ဘူးခဲ့ တယ်။ ဘယ် မိန်းမမှ ကျွန် တော့စိတ်ကို ကြာရှည် ကြည် နူးအောင် မတတ်နိုင်ကြဘူး။ ဘယ်တော့မှ ကောင်းကျိုး မ ပေးတာတွေမို့ တော်တော်ဘဲ စိတ်နာနေမိတယ်။ ဒီအတွင်း အထွေးနဲ့လာတွေ့ရတယ်။ အ ထွေးအပေါ်ကို နဲနဲကလေး မှ မမုန်းတဲ့အပြင် အကြင်နာတွေ ပိုခဲ့တယ်။ ကျောင်းနေဘက်ရဲ့ ဇနီး လောင်းဆိုပြီး ဘယ်လို ဘဲစိတ်ကို ဖြေခဲ့ပေမဲ့ မပြေနိုင် ခဲ့ဘူး၊ မလန့်ပါနဲ့ ဗျာ....။ ကျွန်တော် ဘာမှ မလုပ်ပါဘူး"

"ကျွန်တော် ချစ်မိတာ ဟာ အထွေး လှလို့ အသံ ကောင်းလို့ မဟုတ်ဘူး။ အ သဲနှလုံးထဲက ခွဲထွက် လာတဲ့ ကျွန်တော့ အချစ်ဟာ အရေ ပြား နှုတ်ခမ်းများ ပေါ်မှာ တည်နေတာ မဟုတ်ဘူး။ အထွေးရဲ့ စိတ်ထားတွေ ကို နှစ်သက်တယ်။ ဂုဏ်သရေ ကို လေးစားတယ်။ ဒါ့ကြောင့် ကျွန်တော်ဘယ်လိုဘဲ ဆွေးရ, ဆွေးရ, ဆွေးနေမယ်။ မ ကြောက်ပါနဲ့ဗျာ ကျွန်တော် သစ္စာရှိပါတယ်။ ဒီအစား အ ခုက စရေးတဲ့ပုံတွေမှာ အ ထွေးရဲ့ပုံတွေကိုသာ ဆွဲပါရ စေနော်....ခွင့်ပြုပါနော်...."

"အဲဒါဘဲ ကျွန်တော့မှာ

ဖြေစရာ ရှိတော့တယ်။ ရောဟနီ နတ်သမီးကို ချစ်မိကြတဲ့ သိကြားမင်းနဲ့ တကွ နတ်သား လေးဦးဟာ နတ်သမီးကို ချစ်မိလို့ ခံစားရတဲ့ ဒုက္ခကို ဘယ်လိုဥပမာနဲ့ နှိုင်းယှဉ်လို့မှ မရရှာကြဘူး။ ကိမ္ဗရု နတ်မင်းကြီးရဲ့သမီး သူရိယဝစ္ဆသာနတ်သမီးကို ချစ်မိတဲ့ ပဉ္စသီခနတ်စောင်းသမားဟာလဲ အဲဒီ ချစ်ဒုက္ခအတွက် ဘယ်လို စောင်းချင်းတွေ ဖွဲ့လို့မှ အချစ်ရဲ့ ပမာဏကို ထင်ထင်ရှားရှား မသိသလို၊ ကျွန်တော်လဲ ကျွန်တော့ရင်ထဲမှာ ဖြစ်နေတာတွေကို အထွေးနားလည်အောင် ရှင်းမပြတတ်တော့ဘူး ....”

ရင်ထဲ ဝမ်းထဲကသာမက၊ ရိုးတွင်းချဉ်ဆီကထွက်လာဟန် တူသော စကားသံများ ဖြစ်လေသည်။ စိတ်ထဲတွင် ရှိသမျှကို တကြိမ်တည်းနှင့် အံထုတ် နေ၏။ သူ၏တောက်ပြောင်သည့် မျက်လုံးတွင် မျက်ရည်တွေ ဝိုင်းနေ၏။ ခင်မေထွေးကား ဘာမျှပြန်မပြောချေ။ ပုလဲဥပမာ ကြည်လင်သော မျက်ရေများသည် ပါးပြင်တလျှောက်စီးလာလျက် ရှိ၏။

“ကဲ....နှင်တယ်လဲမထင်ပါနဲ့–ပြန်ပါတော့ဗျာ– နော် နောက်ကို တယောက်ထဲ မလာရင် ကောင်းမယ်“ဟု ချေငံစွာ ငိုသံပါဖြင့် ပြောပြီးမှ တဖန် “အို, နေပါအုံးလေ နောက်ကို တယောက်ထဲလဲ လာတာပေါ့ နော် လာသာ လာပါ။ အင်း, ကျွန်တော်တော့ သူယောင်မနဲ့ တွေ့ခဲ့တဲ့ ဆင်ဖြူရှင်မင်းလိုဖြစ်နေပြီ–ဟင်း ....”

ဆံပင်စုတ်ဖွား ဖြစ်နေသော ဦးခေါင်းကို လေးဆေးစွာ ရမ်းရင်း ကုလားထိုင်ပေါ်သို့ ကြိုးပြတ်သွားသည့် အရုပ်ပမာ လဲမတတ်ထိုင်ချလိုက်၏။ ထိုနေ့မှ စ၍ ခင်မေထွေးကား–ပေါ်မလာ

တော့ချေ။ ခင်မေထွေးသည် ကိုမြင့်သန်းအဘို့တွင် အမှန်ပင်ထက်ရပ်နတ်ရွာက ကျလာသည့်သူဇာနတ်နွယ်ကလေးသဘွယ်ဖြစ်တော့သည်။

## ချစ်သံသယ

ရွက်သစ် ပြောင်းသည့် တပေါင်းလမှသည် တံခူးကဆုံနယုန်နွေ,လေးလကုန်ကြူးကာ–ဝါဆိုဦးသို့ ကူးခဲ့ရာ၌ ဝါခေါင်တော်သလင်းသို့ပင် တိုင်ခဲ့ပြီ။

ကိုမြင့်သန်းကား– ခင်မေထွေး၏ ပုံများကိုသာ ဆွဲလျက်ရှိလေ၏။

"ကြိုက်မိသူမှာ"...."မဖြေတဲ့တတ်ပြီ...."စသော အလွမ်းကဗျာစာအုပ်တို့မှာ ခင်မေထွေး၏ ရုပ်ပုံများနှင့်တကွပေါ်ထွက်ခဲ့၏။ ချစ်နှောင်အိမ်,ထောင်ချိုင့်တွင်မှ မလွတ်ကင်းနိုင်ကြသေးသည့် လူငယ်ပိုင်းကရောလူကြီးပိုင်းကပါ လက်ဖျားခါလောက်အောင် ကောင်းလှသဖြင့် တိုးတက်နေသည့်နာမည်မှာ အတိုင်းထက်အလွန် ကျော်ကြားလာ၏။ ကိုမြင့်သန်းဖောက်သည်တို့ကား အပြောင်းအလဲ မြန်လှသည့် ကိုမြင့်သန်း၏ လက်ရာကိုအံ့အားသင့်မိကြသည်။ ယခင်ကပုံများတွင် ပါဝင်သောကြူကြူကဲ့သို့ပင်လှပသော်လည်း ဝမ်းနည်း ရောင်သန်းနေသည့်အမူအရာရှင်ကလေးအားသိလိုလာကြ၏။

"ပန်းချီဆရာမြင့်သန်းတို့ကတော့, မဒီတယောက်တိုးရင် ပုံတမျိုးပြောင်းသွားဒါဘဲဟော့" စသော စကားသံများပင် မြို့ထဲတွင် ပျံ့နှံ့ခဲ့၏။

ထိုစကား မှန်လှပေသည်။ စင်စစ်မှာကိုမြင့်သန်းသည် ငယ်စဉ်ကပင် မိန်းမ မိတ်ဆွေပေါများခဲ့၏။ အာဝဇ္ဇာန်းရွှင်ခြင်း၊ စိတ်သဘောထားနူးညံ့သိမ်မွေ့

ခြင်း၊ အမြဲတန်းကြည်လင်ပြုံး ရွှင်လျက် ရှိခြင်းတို့ကြောင့်တွေ့ မြင်သမျှကျား,မမရွေးခင်မင်ကြ ၏။သူ၏ နုနယ်သောစိတ်၊အား နာတတ်သောစိတ်–လိုက်လျော တွယ်တာတတ်သော စိတ်များ ကြောင့်၊ မကြာမကြာ– ထိုအ ပေါင်းအသင်းထဲမှာတွင် သဒ္ဒါ လွန်၍ ဘယာကျွံခဲ့၏။ ကိလေ သာချစ်နှင့် ရိုးရိုးခင်မင်စိတ်များ ၏တိုက်ပွဲတို့သည် သူ၏ရင်တွင်း၌ မကြာမကြာ စစ်တလင်းဖွင့်ခဲ့ ၏။ မိန်းမမူကြောင့် အကြီးအ ကျယ် စိတ်ညစ်ခါ ဆယ်တန်း စာမေးပွဲတွင်လည်း ကျရှုံးခဲ့ ဘူး၏။ တယောက်ဆိုးရုံနှင့် တ မျိုးလုံးကို မာန်သုံးရန် မသင့်ဟု ယူဆကာ ဤတယောက်မူ… တော်ပေလိမ့်မည်ဟု အခြား တ ယောက်နှင့် အရောတဝင်နေပြန် ၏။ လန်ဒန်သို့ ပန်းချီ ပညာ သင်သွားခဲ့ပြီး ပြန်လာ၍အလုပ် လုပ်သည် အထိ နေရာ တကာ မိန်းမများသည် အရိပ်ပမာ ပါနေကြ၏။

အမှန်အားဖြင့်ဆိုသော် ဤ သို့ အလွန်အမင်း စိတ်ညစ်ရ ခြင်း အကြောင်းရင်းမှာ အ လွန်တရာ ပျော်ခဲ့ခြင်း ပျော်လို ခြင်းတို့ကြောင့် ဖြစ်ပေသည်။ ပင်ကိုယ်က "မလျော့ မတင်း စောင်းကြိုးညှင်း, တံငါလုလင် မျှားကြိုးငင်"ဆိုသကဲ့သို့ မပို လွန်း မလျော့လွန်း သာမန်မျှ လောက်သော အချစ် စိတ်မျိုး ဖြင့်သာ ခင်မင်ခဲ့ပါလျှင် ထိုမျှ သောကက ဖိစီး၊ ပူမီး ဖြာဝေ၊ အဆွေးတွေ့ပွေစရာအကြောင်း မရှိနိုင်ပေ။ မကြာကလေးခင်က မှ "မိန်းမဟူသမျှ ကောင်းကျိုး မပေးကြပါတကား"ဟု ပူ လောင်သည့် အသဲဆိုင်နှင့် တ ကွ နောင်တ,တရား ဝင်ခဲ့ကာ ကြူကြူမှ တပါး မည်သည့် မိန်းမနှင့်မှ အပေါင်းအသင်းမ လုပ်တော့ဘဲ အေးဆေးစွာနေ

ခဲ့စဉ်တွင် ခင်မေထွေးနှင့် တွေ့၍ အနာဟောင်းကြွကာ မိမိစိတ်ကို မထိန်းသိမ်းနိုင်ဖြစ်ခဲ့၏။ ကိုမြင့်သန်း၏ ပူလောင်နေသော အသဲနှလုံး၌ ကျရောက်လျက်ရှိသည့် ခင်မေထွေးအား စွဲလန်းမှု ချိတ်ခဲကလေးကား ဘယ်နည်းနှင့်မှ ခွာ၍မရတော့ပြီ၊ သို့ဖြစ်လေရာ ကိုမြင့်သန်း အချစ်မီး အလောင်ခံရသည်မှာ ဤ အကြိမ်သာ မဟုတ်ချေ၊ ဤသို့ဖြစ်လေတိုင်းလည်း သူ၏ အရုပ်ကားများသည် ပြောင်းလဲခဲ့၏။

"ဟိုတုံးက ကြူကြူလေး ဘယ်လိုများ နေရှာပါလိမ့် အခု ငနဲမကလဲ အနိုပ် ထဲကဘဲ။ တယ်ပေါ်တဲ့ပန်းချီဆရာကိုး–"

မြို့သူ မြို့သား တို့ကား သူတို့စိတ်၌ ထင်ရာကို ပြောနေကြခိုက် သူများထက် ထိုအပြောင်းအလွဲကို သတိထားမိကာ ဒေါပွနေသူကား ဒေါက်တာဝင်းမောင်ပင် ဖြစ်တော့၏။ သို့ကြောင့်ပင် သည်းမခံနိုင်တော့သည့် တနေ့တွင်....ခင်မေထွေးရှိရာသို့ ထွက်လာမိတော့သည်။

× × ×

ခမ်းတွင်းရိပ်သာ မယ်
အိပ်ရာ....
နေလဲစိတ်မှာညစ်တော့
သာ....
ထွက်ခွာသွားလဲ မပျော်
ပါဘဲ....
သီးခြားစိတ်ဝယ်၊ တိတ်
တိတ်ကယ်....
နေလဲခြားနှယ်၊ ချာ
ချာလည်....
အုပ်တွေသောသော၊
တော်ချင်းနှော....
နှီးနှော ပြောဟော
ဖြေ....
အလွမ်းငယ်ပူသည်း
အူချာကလေ....

သဲထဲမှာဆူ၊ ပူပင်ပူ
ချည့်လေး ....
တသောင်း မြေပြင်စိုး
သည့်ရှင်....
ယဉ်နွဲ့နွဲ့လေး ....
အရူးလိုပင် မယ့်စိတ်
မှာထင်....
မြင်ပါလှဲ့လှဲ့လေး ....

ကြည်လင်သာယာစွာ ထွက်ပေါ်လျက်ရှိသော စန္ဒယား သံမှာ ခါတိုင်းလိုပင် ခင်မေထွေးတို့ အိမ်ဆီသို့ ဝင်လာသည့် ဒေါက်တာ ဝင်းမောင်အား ဆီးကြို နှုတ်ဆက်ကြလေသည်။

"အင်း ....မင်းတို့ မိန်းမတွေဟာ ဒီလို အတီးအမှုတ် အနုအယဉ်တွေနဲ့ ပျော်ဘို့လောက်သာ တတ်တာဘဲ၊ စန္ဒယားခုံနဘေးမှာ ဟိုအကောင်နဲ့ ဘယ်နှစ်ခါ ပလူးပြီးခဲ့ ကြပြီလဲမှ မသိဘဲ.... ဟင်း ...."

ဒေါက်တာ ဝင်းမောင်သည် တဘက်သတ် ဒေါပွနေ၏။

စကား ယွင်းတော်မူခဲ့
လေ....
သနား ကင်းတော်မူခဲ့
လေ....
မိန့်တော်သာ မူလေမြဲ–
သွေတည့် သွေလှန်
ဘဲ....
ကြင်နာသာ ကဲပါလို့၊
ဆွဲရစ်ခွေလေလေတည့်
မှ ဆွဲရစ်ခွေ....

"အထွေး,အထွေး .... ဒီမှာ ကြည့်ပါအုံး ...."

ကိုဝင်းမောင်သည် လက်ထဲမှ အရုပ်ကား အချို့ကို စန္ဒယား ခုံနံဘေးသို့ ပစ်ချလိုက်ခါ ကုလားထိုင် တခုတွင် ဝင်၍ ထိုင်လေ၏။

"ဘာများလဲ.... ကိုကိုဝင်း ရဲ့ လန့်လိုက်တာ...."

ခင်မေထွေးသည် စန္ဒယား

တီးနေရာမှ ကဗျာဆရာထကာ အရုပ်ကားများကို ကောက်ယူ၍ ကြည့်လေသည်။

"ဘာဖြစ်လို့လဲ- ကိုကို ဝင်းရဲ့"

ဒေါက်တာဝင်းမောင်ကား တော်တော်နှင့် စကားမပြန်သေး၊ အတော်ကြာတော့မှ "ဒါကို အထွေး ကျေနပ်နေတယ်ပေါ့လေ...." ဟု အားယူ၍ထွက်လာဟန်တူသော စကားသံဖြင့် မေးလေသည်။

"ဘာလဲ ကိုကိုဝင်းရဲ့ အထွေးရဲ့ ရုပ်ပုံတွေ အတွက်လား ...."

"ဟုတ်တယ် အခုတလော မြင့်သန်းရဲ့ အရုပ်ကားတွေမှာ အထွေးရဲ့ ပုံတွေချည်းဘဲ မဟုတ်လား...."

" ဟင်....သူ့ဖာသာသူ ဆွဲတာ အထွေး ....ဘယ်တတ်နိုင်ပါ့မလဲ...."

အထွေးသည် အေးဆေးစွာပင် ဖြေခဲ့၏။

"ဘာ- သူ့ဖာသာသူ ဆွဲတာ အထွေး အလို တူတယ်ပေါ့လေ၊ ဒီလိုဆိုတော့ အထွေးဟာ ပုံတူအဆွဲခံတဲ့ မိန်းမ စားထဲက ဖြစ်မနေဘူးလား.... အခုမြို့ထဲမှာ ဘာတွေပြောနေကြတယ်မှတ်သလဲ...."

"ဒါဟာ အထွေးရဲ့ ပုံမှန်း ဘယ်သူတွေက လာသိမှာလဲ ကိုကိုဝင်းရဲ့ နောက်ပီး ...."

"အို.... နောက်ပီး တွေ ဘာတွေ လုပ်မနေပါနဲ့၊ ကဲ...ဒီအကောင့်ဆီကို သွားပြီး အထွေးပုံကို မဆွဲပါနဲ့လို့ သွားမပြောဘူးလား.... ပြောမလား"

"အို- ဘယ်ပြောလို့ကောင်းမလဲ...."

"ဒါဖြင့် ရင်လဲ ပီးရော၊ သွားမယ်၊ ဒီက အကောင်မှာ တော့ချစ်လွန်းလို့ ဘာမဆို အ

လို လိုက်ခဲ့တယ်။ တော်ပါပေ ရဲ့ကွာ မင်းတို့ လုပ်ပုံတွေ...."

ဒေါက်တာ ဝင်းမောင်သည် ခြေလှမ်းကို ခပ်ပြင်းပြင်း နင်းကာ ထွက်၍သွားတော့၏။ ခင်မေထွေးကား .... စိတ်ဆိုးရန်ကိုလည်း သတိမရ၊ ဆံတပင်တင်း, ချစ်ခြင်းလူလု၊ ဆိုသည့်ပမာ မယားရေးနှင့် ပတ်သက်လာပါက သဘောထားမကြီးနိုင်လောက်အောင် ချစ်စိတ်မွှန်နေသူ ဒေါက်တာ ဝင်းမောင် အတွက် ကရုဏာ သက်မိလေသည်၊ တဖန် ကိုမြင့်သန်းဘက်ကို စဉ်းစားလိုက်ပြန်ပါလည်း "အခုကစပြီး ရေးသမျှ အရုပ်တွေမှာ ခင်ဗျားရဲ့ပုံကို ထည့်ပါရစေဗျာ၊ ကျွန်တော်အဘို့မှာ ဒါဘဲ ဖြေစရာရှိတော့တယ်၊ ခွင့်ပြုပါဗျာနော်ဆဲ့ပါရစေတော့...." ဟု ယောကျ်ား တန်မဲ့ ငိုတော့မယောင် တောက်ပြောင် စိုရွှမ်းသော မျက်လုံးကြီး ကလယ် ကလယ်ဖြင့် သနားစဖွယ် တောင်းပန် နေဟန်နှင့် ငိုသံပါကြီးတို့မှာ မျက်လုံးထဲ နားထဲမှ မထွက်နိုင်ခဲ့၊ နောက်ဆုံးတွင်ကား "ခက်တယ်, ခက်တယ်... ကိုဝင်းမောင်ကလဲ အသဲစွဲ ချစ်ခဲ့ရှာလို့ စေ့စပ်တောင်ထားပြီ၊ ဒီခြားထဲ ကိုမြင့်သန်းကလဲ စွဲမိစွဲရာ ဖြစ်နေရှာပြီ၊ အို....ခင်ထွေး ဂြိုလ်မွှေတာပါ အေးအေး နေရင် အကောင်းသားနဲ့ အလကား ပုံဆွဲသွားခံမိတယ်" ဟု ဘယ်သူမပြု မိမိမှု ဆိုသကဲ့သို့ မိမိ ကိုယ်ကိုသာ အဆိုးချရာက သက်ပြင်းတွေဖိုမျက်ရည်တွေ ယိုဆင်း၍ လာတော့သည်။

ဤသို့လျှင် ခင်မေထွေးမှာ အနေသယ အကြောင်းခံတို့

ကြောင့် သမုဒယ ဖြောင် ဆန်ကာ ရှုပ်ထွေး ဆန်းကြယ် လှသည့် အချစ် ဒဏ်ကို မခံမ ရပ်နိုင် သောကတွေ လှိုင်နေ ခိုက်ဝယ်၊ ပုထုဇဉ် သဘာဝ အချစ်ဝဲတွင်းမှ မလွဲမ ရှောင်နိုင်သေးသဖြင့် သောက ဘေးကြုံနေရသည့် ပန်းချီ ဆ ရာ ကိုမြင့်သန်း၏ အိမ်တွင် ဒေါက်တာ ဝင်းမောင်နှင့် ကို မြင့်သန်းတို့မှာလည်း ....

"ဟင်–ဘာဖြစ်လို့လဲ သူ ငယ်ချင်းရယ်၊ ငါလေ မင်းရှေ့ မှာဘဲ ပြောတော့မယ်၊ ငါ အ ထွေးကို အတော်ဘဲ ချစ်မိ တယ်၊ ဒီလိုမိန်းမမျိုး အပေါ် မှာ ဒီလိုစိတ်မျိုး ထားခဲ့တာ ဟာ ငါ တသက်မှာ ပဌမအ ကြိမ်ဘဲ။ ငါ တကယ် ချစ်တာ ပါကွ။ ဒါပေမဲ့...."

"တိတ်ဟေ့–ဟေ့ကောင် တိတ်ကွ၊ ဘာသစ္စာမရှိတဲ့ စ ကားတွေ ပြောနေတာလဲ ဟင် မင်း ...."

"ပြောပါရစေ သူငယ်ချင်း ငါဟာမင်းရဲ့ကျေးဇူးနေဘက် ဆိုတာလဲ သတိထားအုံးမှ ပေါ့...."

"ဘာ–ကျေးဇူးနေဘက် လဲ။ မင်းရဲ့ စီးပွားရှာတဲ့အလုပ် အတွက် ငါ့ အဘို့မှာ ဘယ် လောက်နစ်နာသလဲ ဂုဏ်ငယ် စရာ ဖြစ်နေသလဲ။ သွား... ဘာ သူငယ်ချင်းမှလဲ မဟုတ်ဘူး။ လမ်းဖြတ်ပြီ....နောက်ကို ဒီအ ထွေးရဲ့ အရုပ်တွေကိုလဲ မဆွဲ ပါနဲ့ ထွီ, လူဂုဏ်တန် သား သမီးရဲ့ ရုပ်ရည်ကို လူတကာ ရောင်းစားပြီး ငွေရှာ...."

"ဟင်–လမ်းဖြတ်တယ်.... လမ်းဖြတ်တယ်လား၊ ဒါတော့ မတတ်နိုင်ဘူး။ အို....ဒါဘဲ ကောင်းပါတယ်...."

ကိုမြင့်သန်းကား အေး အေးဆေးဆေးပင်။

"အေးကွာ အထွေးကို သနားပါတယ်။ အလို လိုက်ပါကွာ၊ ယုယပါကွာ သူ့နှစ်သက်တဲ့ဂီတပညာလဲ တိုးပွား ပါစေကွယ်...."

"အိုး ....ဟိုး....ဟိုး....ကိုယ်နဲ့ မဆိုင်တာတွေ ပြောနေ၊ ငါနဲ့ မင်္ဂလာဆောင်ပြီးရင် မင်းဆွဲထားခဲ့တဲ့ အရုပ်တွေ မှန်သမျှ မီးနဲ့ရှို့ပစ်မယ်။ ဒီ, မင်းနဲ့ပိုပြီး ခင်မင်စေတဲ့ စန္ဒယားတီးတာကိုလဲ ရပ်ခိုင်းမယ်။ သွားပြီ–အဲဒါ နောက်ဆုံးတွေ့ခြင်းဘဲ...."

ခြေလှမ်းကြဲကြီးဖြင့် ထွက်လာသော ဒေါက်တာ ဝင်းမောင်သည် တံခါးပေါက်ဝနား၌ ရပ်ခါ ငိုနေသော ကြူကြူအား တိုက်မိမတတ် ဖြစ်သွားလေတော့၏။

"ကိုကြီး ကျမ တို့ကို ခွင့်လွှတ်ပါ ...."

"ထိုဓိ တကြိတ်ထဲ တဥာဏ်ထဲတွေ...."

အမှန်အားဖြင့် ဒေါက်တာဝင်းမောင်နှင့် ကိုမြင့်သန်း တို့မှာ ခလေးအရွယ် ငယ်စဉ်ကပင် တကျောင်းထဲ၌ တတန်းထဲ နေလာခဲ့သူများ ဖြစ်၏။ ဆယ်တန်း စာမေးပွဲတွင် ဒေါက်တာ ဝင်းမောင်က အရင်အောင်ခဲ့သဖြင့် နှစ်ယောက်သား ကွဲသွားခဲ့သော်လည်း ဒေါက်တာဝင်းမောင် လန်ဒန်သို့ ဆေးပညာသင် သွားသည့် အချိန်တွင် ကိုမြင့်သန်းပါ ပန်းချီပညာသင် ထွက်ခဲ့ပြန်ရာ တနိုင်ငံ, တရပ်ခြားတွင် ခင်မင်သည့် မိတ်ဆွေများ ဖြစ်ခဲ့ရ၏။ လောကဓာတ်ပညာ သမားစိတ်ကြမ်း, လူကြမ်း ဒေါက်တာဝင်းမောင်နှင့် အနုပညာသယ်လူအေးစိတ်နု ကိုမြင့်သန်းတို့မှာ တယောက်နှင့် တယောက် အံ့ဩဘွယ်ရာ ခင်မင် တွယ်

တာ၍ လာခဲ့ကြ၏။ သို့ရာတွင် သူတို့၏ ရေစက်ပောင်းမှာ၍ မျှနှင့် ကုန်ပြီဖြစ်ရကား အချစ်ကြီးသမျှ အမျက်ကြီးမျက် အမုန်းကြီးမုန်း အနာကြီးနာ အထင်လွဲခြင်းကြီး လွဲကာ လမ်းဆုံးသို့ ရောက်ရလေတော့၏။

× × ×

မိုးရာသီ... ပြောင်းကွဲကာ ဆောင်းလသို့ ဝင်ခဲ့၏။ ဒေါက်တာ ဝင်းမောင်နှင့် ခင်မေထွေးတို့၏ မင်္ဂလာပွဲလည်း ပြီးဆုံးခဲ့ပေပြီ။

အချိန်ကြာမြင့်စွာ မျှော်လင့်စောင့်စားနေခဲ့ရသော ချစ်သူနှင့် လက်ထပ်ရခြင်းအားဖြင့် နှစ်ဦးနှစ်ဝ ပျော်ရွှင်ကြနေပ်ကြသော်လည်း ကိုမြင့်သန်းနှင့် ခင်မေထွေးတို့၏ အဆက်အသွယ် အတွက် သင်္ကာမကင်း ဖြစ်နေခြင်းကို မမျိုသိပ်နိုင်သော ဒေါက်တာ ဝင်းမောင်မှာ "ဟို အကောင်နဲ့များ" ဟူသော အတွေးတို့ သည် မကြာမကြာ ပေါ်လာတတ်လေ၏။

ခင်မေထွေးကား ဒေါက်တာ ဝင်းမောင်အား ဖြူစင်သည့် စေတနာ မေတ္တာ ဝေဖြာခဲ့၏။ ထို့ကြောင့် အစဉ်အမြဲပင် ဒေါက်တာဝင်းမောင်၏ အပေါ်တွင် ကြင်ကြင် နာနာ ဘော်ရွေစွာ ပြုတတ်လေ ရာ ထိုသို့ပြုခြင်းကိုပင် ဒေါက်တာဝင်းမောင်မှာ–ဟင်း ... ဒင်းမှာအပြစ်ရှိလို့ သူ့အပြစ်တွေ ပေါ်မှာစိုးလို့ ငါ့ကို အချိုနဲ့ သတ်နေတာများလား ဟူ၍ ပင် အကောင်း မထင် အပြစ်တော် တင်ချင်စိတ် ပေါက်ခဲ့လေသည်။

ထိုမှ အတူးကလေး တနှစ်အတွင်း မွေးဖွားလာရာ ခင်မေထွေးမှာ ဂြိုဟ်ဆိုးဝင်ခြင်း ခံရလေတော့သည်။ ဆရာဝန်

တ ယောက်လုပ်ခါ လောက ဓာတ်ပညာကို လိုက်စားလာသူ ဒေါက်တာ ဝင်းမောင်မှာ ဤကိစ္စမျိုး၌ အရာရာ နားလည်နေရကား သူ၏ မသင်္ကာစိတ်မှာ ပိုမို၍ တိုးတက်လာတော့သည်။

"ဟင် ငါနဲ့လဲ တစိမ့် မ တူပါလား၊ ဟိုအကောင်နဲ့ တ ဖုံထဲဘဲ ဟင်, ဘယ်လိုဟာလဲ"

သို့ဆိုပါကလည်း ဆိုနိုင်ပါပေသည်။ သေသေ ချာချာ ကြည့်လေလေ နှာခေါင်း လာပုံ နဖူးဆင်းပုံ ပါးစပ်အနေအထား မျက်လုံး ဦးခေါင်းပုံ သဏ္ဍာန်တို့ကိုပါ ကိုမြင့်သန်းနှင့် ချွတ်စွပ်တူနေသည်မှာ အံ့ဩ၍ မဆုံးနိုင်ခဲ့။ ထိုမှ ခင်မေထွေး၏ ဘခင် ဦးဘထွေး သေဆုံးကာ မိမိတို့ဖာသာ မြို့စွန်သို့ ပြောင်း၍ ချောင်းဆိုးသွေးပါ အဆုတ်ရောဂါကု ဆေးရုံကို ဖွင့်လှစ်၍ နေခဲ့သည့်အခါတွင်ကား သူတို့တတွေ၏ အိမ်ထောင် ငြိမ်းချမ်းရေးမှာ စေ့စပ်၍မရနိုင်တော့ဘဲ တယောက်ကိုတယောက် ချစ်လျက်နှင့်ပင် ဝိဘက်ကြမ္မင်လာတော့သည့် အလား မုန်းဟန်ပြုကာ ဘုကျခြင်းဖြင့် အချိန်ကုန်ခဲ့ကြလေတော့သည်။

---

## ဖြေမယောင်

---

အချိန်ကား.... ည ၁၁–နာရီ ကျော်ခဲ့လေပြီ။ ပြာသိုလ၏ ချမ်းစိမ့်သော အအေးဓာတ်သည် ကိုးမိုင်တွင်းရှိ ကိုမြင့်သန်းတို့၏ တိုက်ကလေးအား ရစ်ပတ် လွှမ်းခြုံလျက် ရှိလေသည်။

နက်ပြာရောင် ကုတ် အင်္ကျီ ခရမ်းရောင် စိန်ကတ္တီပါ ထမီတို့ ဆင်ယင် ထားသော ကြူကြူ၏ ဖြူဝင်းသည့် သဏ္ဍာန်မှာ ညှော့ခန်းမီးရောင်

အောက်တွင် ပဏာ ရလှ ပေသည်။ သူမ၏ မျက်နှာ မှာ– ရွှင်ပြုံး သယောင်ယောင် ရှိသော်လည်း မျက်လုံးများ ကား ....ကြည်လင်ခြင်း ကင်းပ လျက်ရှိ၏။ သူ့အဘို့ ဤသို့ညဉ့် နက် မိုဃ်းချုပ် တိုင်အောင် စောင့်နေခဲ့ရသည့် ညတို့ကား မနည်းလှ၊ ယနေ့ ညလည်း စောင့်ရဦးမည်။ ပန်းချီဆရာ ကိုမြင့်သန်းကား .... ယခင်က အိမ်ကပ်ခဲ့သလောက် ယခု အ ခါတွင် လည်ကျူးသည့် အ မူးသမားကြီး တဦး ဖြစ်ခဲ့ချေ ပြီ။

"အော်.... ကိုလေး.... ကို လေး အရာရာမှာ စိတ်ချမ်း သာအောင် ဖန်တီးပေမဲ့ ကြူကြူ ရှိရဲ့သားနဲ့ ကြူ ကြူကိုမှမခင်၊ ကြူကြူပြောတာ တွေကို နားမဝင်တော့ဘဲ ဖြစ် ချင်သလို ဖြစ်နေပါပေါ့လား ဟုသာ ညည်းမိရုံမှတပါး မည် သို့မျှ မတတ်နိုင်ရှာ၊ ခင်မေထွေး လက်ထပ် သင်ပေးသွားသည့် "ဖြေလျော့ခွေ" သီချင်းကို မ တီး ခိုင်းရုံမျှသာ မက စန္ဒ ယား တီးသံ ကြားလျှင်ပင် ခါတိုင်းလို....ပျော်ရွှင်စွာ သီ ဆိုခြင်း နားထောင်ခြင်း မပြု တော့ဘဲ တခြားသို့ ရှောင်ခွာ သွားတတ်သည့် ကိုမြင့်သန်း အား .... သနား၍ မဆုံးနိုင်ခဲ့....

ဂီ....ဟူသော ဘက်ထရီ ဟွန်းသံနှင့်တကွ ကားသံ တ သံသည် ကြူကြူအား.... လှုပ် ရှားစေတော့သည်။ ဟော– ပြန် လာပြီ....ဟု ကြူကြူသည် စိတ် ထဲမှ ရေရွတ်ရင်း .... တံခါဝ ဆီ သို့ ပြေးထွက်၍ လာ၏။ ကား သည် အိမ်ရှေ့၌ ရပ်ခါ ဒရိုင် ဘာ မောင်ဝသာ အရင် ရှေ့ က ထွက်လာပြီး ကားနောက် ပိုင်း တံခါးကို ဖွင့်၍ ကိုမြင့် သန်းကို ပွေ့ချီထုတ်လေသည်။

"မမလေး ဆရာ သိပ်မူးနေ

တယ်။ ဟော်တယ်မှာ ရန်ဖြစ်လာလို့ ကျွန်တော်တောင် ကူချခဲ့ရတယ်....”

ဒရိုင်ဘာ မောင်ဝသည် အစီရင်ခံလေသည်။ မောင်ဝ၏ အင်္ကျီမှာ စုတ်ပြတ်ခါ သွေးများဖြင့် ပေကျံလျက်....

“နောက်ဆရာ့ကို အိမ်မှာဘဲ သောက်ခိုင်းပြီး အပြင် မထွက်စေရင် ကောင်းမယ်။ နို့မဟုတ်ရင် ရန်များတယ်။ တနေ့ ဒုက္ခ ရောက်လိမ့်မယ်နော်–မမလေး ....”

ဒရိုင်ဘာသည် အကြံပေးလေသည်။ ကိုမြင့်သန်းကား ဇက်ကျိုးကာ ခြေပစ် လက်ပစ်ဖြစ်နေ၏။ အရက်နံ့ကား တထောင်းထောင်း ....

“ကိုဝ– တို့ သဘောဘဲကောင်းတယ်။ ထင်သလိုသာလုပ်၊ ကြူကြူတော့ ဘာမှ မကြံတတ်တော့ဘူး ....”

ကြူကြူသည် တလုံးချင်း ဖြေရင်းက ငေးနေလေသည်။

“မအေးတဲ့နိုင်
အရေးတော် သည်ခါ
ဆိုင်ရပေမဲ့ ဟဲ့.... ဟဲ့....
ဆိုင်ရပေမဲ့....
ငယ်ကျွန်ကြီး မောင်ဝ
လေး ....”

ဘိုးစိန်ကြီးလေသံဖြင့် ဟစ်အော်ရင်း .... အရက်ပုလင်းရှေ့တွင် ချ၊ အရက်ဖလ်ခွက် လက်တွင်ကိုင်ထားသူမှာ ပန်းချီ ဆရာ ကိုမြင့်သန်းပင် ဖြစ်လေသည်။ အနားတွင်ရှိသော ဒရိုင်ဘာ မောင်ဝသည် ဆရာ၏ အလို အတိုင်း လိုက်လျောကာ “ဟုတ်ကဲ့.... ရှိပါတယ် ဆရာ....” ဟု ဖြေရလေတော့သည်။

“အမယ်လေး မအေး
နိုင်

အရေးတော်သည်ခါ ဆိုင်ခဲ့ပေမဲ့....

မပိုင်လေခြင်း... မပိုင်လေခြင်း ....ဟင်း .... ဟင်း .... ဟင်း .... အင်း– ဆရာစွဲခဲ့တဲ့ သူဇာကလေးရယ်– အမယ်လေး ဝေးကြပြီ၊ ဝေးကြပြီ ဒီဘဝတွင် ဒီမျှနဲ့ ရေစက်ကုန်ကြပြီ၊ ဆရာ့စိတ်ထဲမှာ တဘက်သတ် ဆိုင်ခဲ့ပေမဲ့ မပိုင်ခဲ့ပါလားကွယ်...

"ဒါကြောင့်မို့ နန်းညွန့်မျက်ဖျော် လေလေ့– နန်းညွန့်မျက်ဖော်– ကိုယ်တို့မှာ ဘဏ္ဍာတော်မို့ ဆရာဝန်ကတော်မို့ မခေါ်သာတော်ရာက ပြုံးရတယ်ကွယ်....မုန်း စိတ်ကတော့ မသွင်း ....အမယ်မင်း မုန်းစိတ်မသွင်း .... တိမ်ပူနိမ်ပြောင်ပြောင် တိမ်တိမ် ပူနိမ်ပြောင်၊ ဟား–ဟား .... မပျော်ဘူးလား ....တပည့်ရာ...."

ကိုမြင့်သန်းသည် ဖလ်ခွက်ထဲတွင် ကျန်နေသော အရက်ကို မော့ချလိုက်ပြီးနောက် ထပ်ထည့်ပြန်လေ၏။

"ဘာလဲ– အလကား မိန်းမတွေဟာ– အလကား– မိန်းမဆိုတာ ယောကျ်ားတွေ ဒုက္ခပေးဘို့ သက်သက် လူဖြစ်လာရတာ မဟုတ်ဘူးလား၊ တပည့်ရာ...."

"ဟုတ်–ဟုတ်ပါတယ်...."

"ဒါကြောင့် ဆရာတော့ မိန်းမတွေကို သိပ်မုန်း အလွန်မုန်း အားကြီးမုန်း၊ ဟဲဟဲ မိန်းမတွေဟာ ပိုနေတာပါကွာ ငါ့တပည့် မိန်းမ မရှိဘူး မဟုတ်လား ...."

"ဟုတ်ကဲ့– မရှိပါဘူး...."

"အေး .... မိန်းမ မရှိဘဲလဲ ပီးကြတာဘဲ မဟုတ်လား"

"ဟုတ်ကဲ့ – ပီး, ပီးပါတယ်ဆရာ...."

"ဟား–ဟား.... ငါ့တပည့်က မိန်းမ မရှိဘဲလဲ ပီးသကိုး ...."

ဤလို အသံတွေ ကြားရတိုင်း စိတ်မချမ်းမသာ ကြက်သီးတွေ တဖြန်းဖြန်းနှင့် ကျောချမ်းနေသူမှာ ကြူကြူပင် ဖြစ်တော့သည်။ အိမ်ရှေ့ပူ အိမ်နောက် မချမ်းသာ ဆိုသကဲ့သို့ ကိုမြင့်သန်း၏ တဘက်သတ်စွဲလမ်းမှု မောဟတရား ဖုံးလွှမ်းထားသဖြင့် တရားမမြင် စိတ်ဘဝင်အေးလို အေးငြား ရေလိုက်မှားကာ စိတ်သွားတိုင်း ကိုယ်ကလိုက် ထင်သလို မိုက်မဲနေခြင်းအတွက် အသဲနာကာ ယူကြုံးမရဖြစ်မိ၏။ နာမည်နှင့်ဂုဏ်သရေပါ ဆုံးရှုံး ရတော့မည့် အရေးကို.... မတွေးဝံ့ခဲ့၊ ထိုကဲ့သို့ ပြုမူနေခြင်းကို ပိတ်ပင်လိုက်ပါကလည်း တိုးတက်၍ စိတ်မချမ်းမသာ ဖြစ်သွားကာသာ၍ ခက်ချိမ့်မည်ဟု တွေးမိရာ ယခုလို ပျော်သလို နေခြင်းက တော်ပေသေးသည်ဟု အောက်မေ့ရပြန်သည်။

ဟို....ငယ်ငယ်ရွယ်ရွယ် မိမိရောက်လာစဉ်မှစ၍ ယခုတိုင်မည်မျှလောက် သောက်စားမူးယစ်နေလင့်ကစား မိမိအပေါ်တွင် နည်းနည်းကလေးမှ မဖောက်ပြား မကျူးလွန် မစော်ကားဘဲ သစ္စာစောင့်ကာ နှမလေး အရင်းပမာ စောင့်ရှောက်သည့်အတွက်အားတက်မိသော်လည်း ထိုမျှ ရိုးရိုးသားသား သဘောထား ပြည့်ဝ လူသိများလှသူတယောက် ဤသို့ဆိုးသွမ်းစွာ စိတ်တွေ ဘရောက်ဘရက် အကျင့်စာရိတ္တ ပျက်ကွက်ခြင်းအား အသဲနာမိလေသည်။

× × ×

မြို့ထဲ ရပ်ထဲတွင်ကား ...ကို မြင့်သန်း၏ သတင်းဆိုးများမှာ လေတိုက်တိုင်း လွင့်နေသော ကွင်းလယ်ခေါင်က ခွေးသေကောင် ပုတ်နံ့ပမာ နေရာ တကာ၌ ပြောနေကြ၏။ ဟော်တယ်တိုင်းတွင် အရက်တွေ အလွန်အကျွံ သောက်ခါ မူးယစ်သည့် အခြားမဲ့၌ ဟောတယ်မယ် များအား ရိုက်နှက် ဆူပူခြင်းဖြင့် မိမိဂုဏ်ကို မစင်သုတ်နေသူ ကိုမြင့်သန်းအား အံ့သြမိကြ၏။

ယခင်က ဆက်သွယ်ခဲ့ကြသူ မဂ္ဂဇင်း, ဂျာနယ်, ဝတ္ထုတိုက်ရှင်များ ကုန်သည်များမှာလည်း နေထွက်မှ နေဝင် သာမဟုတ် ညအချိန်မတော်အထိ အရက်ခွက်ကို လက်မှ မချသူ ကိုမြင့်သန်းအား ဆက်ဆံရန် ခဲယဉ်းလာတော့၏။ ပန်းချီ မြင့်သန်း၏ ဖက်ရှင် ကျကျ အရုပ်ကားများလည်း တစထက်တစ နည်းပါး၍ လာတော့သည်။

"အင်း ....ပန်းချီ မြင့်သန်းတို့တော့ ခေတ်ကုန်ပြီဟူ၍ဎင်း၊ ဟင်း–ဘာမှ အသုံးမကျတော့ဘူး၊ ဒီလိုလူမျိုးက ဒီလိုအလုပ်မျိုး လုပ်ရင် ဘယ်တော့မှ နာမည် မကျော်တော့ဘူး .... တိုင်းပြည်က ခင်မင်နေတဲ့ လူတယောက် ဒီလောက်တောင် ဘာဖြစ်လို့ ပျက်စီးသွားပါလိမ့်" စသည်ဖြင့် ကိုယ်နှင့်မဆိုင်သော်လည်း သက်ဆိုင်လေဟန် ပြောနေကြသည့် စကားသံ များမှာ ခင်မေထွေး၏ နားထဲတွင် မဆန့်ခဲ့၊ ပန်းချီမြင့်သန်း၏ အရုပ်ကား, ကဗျာ, စာအုပ် တို့မှာလည်း ဝယ်သူ နည်းပါးလာတော့၏။ အသစ်အဆန်းလည်း ပေါ် မလာတော့ချေ။

"ဘယ်လိုဖြစ်သွားပါလိမ့် ကွာ၊ တခါထဲ မြုပ်သွားလိုက်တာ ရေတွင်းထဲ ခဲပစ်ချလိုက်

တဲ့ အတိုင်းဘဲ ခင်မင်တဲ့လူများ လွန်းလို့ လူပြုစားခံရတာ များ လားကွာ....''

ပန်းချီမြင့်သန်း၏ မိတ်ဆွေ ဟောင်း ဖောက်သည်ဟောင်း များမှာ စပ်မိစပ်ရာ ပြောရင်း က ကိုမြင့်သန်း၏ အကြောင်း ကို စကားစ၍ ဆွေးနွေးကြ တော့သည်။

''ဘာမှ မဟုတ်ပါဘူးကွာ အချစ်စနက်ပေါ့'' အချစ်သဒ္ဒါ၊ ချစ်မေတ္တာကား၊ တဏှာမှောင် ရိပ်၊ လွမ်းဖုံးပိတ်က၊ မြွေဆိပ် ပမာ၊ အခက်ဖြာသည်၊ လူ့ရွာ သောက၊ မအေးရ'' ဆိုတာ ဒါ ပေါ့ကွ၊ ဟို.... သူ့ပုံထဲမှာ ပုံတူ ဆွဲတဲ့ ကြူကြူနဲ့ ကွဲသွားလို့ ပါ သူနဲ့သာ မြဲနေရင် ဒါ လောက်ပစ္စလက္ခတ် ဖြစ်မ သွားပါဘူး ....''

''နို့....ဒါနဲ့ ကြူကြူကို အိမ်က နှင်ထုတ် ပစ်တယ်ဆို–''

''ဒီလိုကွ သူတို့ဇာတ်က ကို မြင့်သန်းဟာ ကြူကြူနဲ့ အတူ တူနေရာက နောက်ထပ် အဆက် တယောက် ထပ်တွေ့ရော၊ အဲဒီ မိန်းမအတွက်နဲ့ ကိုမြင့်သန်းမှာ သိပ်စိတ်ညစ် သွားရပြီး အ ရက်တွေ နင်းကန် သောက်လာ တယ်၊ ဒါပေမဲ့....သူ့ရဲ့ စိတ် ချမ်းသာမှုကို အမြဲလိုလားတဲ့ ကြူကြူလေးကတော့– ကိုမြင့် သန်း ပျက်စီးနေတဲ့ အထိ ပြုစု ရှာပါသေးတယ်၊ တနေ့တော့ ကိုမြင့်သန်း အရက်တွေမူးပြီး ကြူကြူကိုပါ အပြစ်ရှာပြီး အိမ် က နှင်လိုက်တယ်....''

''ဟင်....ဒုက္ခ၊ နို့.... အခု ကြူကြူကရော....''

''ကြူကြူက တောသူဆို တော့ သူ့ရွာ သူပြန်တာပေါ့၊ ပဲခူးနားက ဘာရွာဆိုလဲ အဲဒီ မှာ နေမကောင်း နေရှာသတဲ့''

''ဟင်.... ဘာရောဂါ ပါ လိမ့်....''

"အို....ဒါလောက်တောင် စိတ်မချမ်းသာ နေရတဲ့ လူ မမာ ခံနိုင်ပါ့မလားလို့...."

"ဟော့....ဘာလဲကွ၊ ဘယ်သူ့အကြောင်း ပြောနေကြတာလဲ၊ ကြူကြူ ဘာဖြစ်တယ်.... ပြောစမ်းပါအုံး ...."

လူအုပ်တွင် လူသစ်တယောက် တိုးခဲ့၏။

"နေမကောင်းလို့ တောမှာဆေးကု နေတယ် မဟုတ်လား...."

"ဟင်–ဘယ်က ဟုတ်ရမှာလဲ သေသွားပြီ၊ မနှစ်က မိုးဦးကျလောက် ကတဲက သေသွားပြီ...."

"အို....ကျွတ်–ကျွတ် သနားပါတယ်ကွာ...."

"အေး ....သူတို့ အကြောင်းကို သေသေချာချာ သိရရင် သာပြီး သနားစရာ ကောင်းတယ်၊ ကြူကြူဟာ ငယ်ငယ်ကလေးကတဲက ကိုမြင့်သန်းတို့ အိမ်မှာ နေလာတာ ကိုမြင့်သန်း အပေါ်မှာဆိုရင် အမေလို တမျိုး၊ နှမလို တသွယ် အစေခံလိုလဲ ပြုစု၊ အမျိုးမျိုးယုယရှာပါတယ်။ ကိုမြင့်သန်း အမေရှိကတဲက နေလာတာမို့ ကိုမြင့်သန်းက ညီမလေးလို ခင်မင်ပြီး အမယ်ကြီး မရှိပေမဲ့လဲ မင်္ဂလာဆောင်ဘို့ ပြောရမှာ မပြောရက်ခဲ့ဘူး၊ ဒီအတွင်း ဟိုကိစ္စတွေကြောင့်....ကိုမြင့်သန်း အရက်သမားကြီး ဖြစ်ပြီး နှင်ပစ်တော့မှ သူ့ခမြာ ထွက်သွားရှာတယ်။ တနှစ် ကျော်ကျော်လောက်ကြာတော့ ကိုမြင့်သန်း သတိရပြီး ကြူကြူကို သနားလာတယ်။ အကုန်လုံး ရှိသမျှ မြေတွေ, ခြံတွေ, အိမ်တွေကို ကြူကြူဆီမှာ အပ်ပြီး ထွက်ချင်ရာ ထွက်သွားတော့မယ်လို့ ကြူကြူဆီ သွားတော့ ကြူကြူအသည်း အသန် ဖြစ်နေပြီ...."

"အေးကွာ ဖြစ်မှ ဖြစ်ရတယ်...."

"နောက်–တောမှာဘဲ သေသွားတယ် သူကိုယ်တိုင်သင်္ဂြိုဟ်ပေးပြီး သူ့ကြောင့် ကြုံကြုံသေရတာဘဲလို့ ကိုမြင့်သန်း စိတ်ဆင်းရဲ့သည့်ထက် ဆင်းရဲလာပြီး အရက်တွေ သောက်ပြန်တာဟာ ရောဂါစွဲတဲ့ အထိဘဲ...."

"ဒါထက် သူနဲ့ ကြိုက်ခဲ့တယ် ဆိုတဲ့ မိန်းမဟာရော"

"အို ကွာ....ဟို ဆရာဝန် ဘယ်သူ ဆိုလား သူ့မိန်းမပေါ့၊ သူ ဂြိုဟ်မွှေတာပေါ့၊ သူကတော့ သူ့လင်နဲ့ သူ– ခလေးတွေ ဘာတွေရလို့တဲ့...."

"နို့ ကိုမြင့်သန်း ကတော့ရော...."

"သူလဲ ဘယ်လစ်သွားမှန်း ဘယ်သူမှ မသိဘူး၊ သူ့အိမ်က ဒရိုင်ဘာတောင် မေးလို့ မသိဘူး၊ အမှန်က ကြုံကြုံလေးနဲ့ ညားသွားရင်လဲ အကောင်းသား လူတွေကသာ ညားလိမ့်မယ် ထင်ကြပေမဲ့ ကျုပ်တို့ အကုန်သိတာပေါ့– ကိုမြင့်သန်းကတောင်– ကျွန်တော် မပြောရက်ဘူးဗျာ....လို့ ပြောဘူးသေးတယ်၊ ကြုံကြုံ ဆိုတာကတော့ ကောင်းလိုက်တဲ့သဘော အချက် အပြုတ်ကလဲ တော်ပါပေ့ ဘယ်သူ ဖြစ်ဖြစ် လောကွတ်ပြုပုံနဲ့ ဒီလို အနုသမား ပန်းချီ ဆရာတွေ လက်ကိုင် ထားသင့်တဲ့ မိန်းမမျိုးပေါ့– ဒုက္ခရောက်နေပေမဲ့ လဲ စိတ်ချမ်းသာနေသလို ပြုံးပြုံး ပြုံးပြုံးနဲ့ သူ့ကို မြင်ရတဲ့ လူတိုင်းမှာ ရင်ထဲကို အေးသွားတာဘဲ"

"ဘယ့်နှယ်လဲ ကိုယ့်လူ ချီးမွမ်းလှချည်လား....ဒီလို မိန်းမမျိုးရှာယူပါလား"

"အမယ်လေး ထမင်းထုပ်နဲ့လိုက်ရှာရင် ထမင်းတွေ

သာပုတ်သိုးပြီး လောက်တက်မယ်၊ ဒီလိုမိန်းမမျိုးနဲ့ တွေ့ဘို့တော့ ခဲယဉ်းသားဘဲ”

ထိုထိုသော စကားတို့မှာ ခင်မေထွေး၏ နားတွင်းသို့ လူ့သတင်း လူချင်းဆောင်ခဲ့၏။

× × ×

တိုင်ကပ်နာရီကြီးမှ တီးခတ်လိုက်သောနာရီသံ ၂–ချက်မှာ ခင်မေထွေး၏ အတွေးလွန်နေသည့် အချိန်ကို ပြလေ၏။

“အင်း .... ကိုမြင့်သန်း ကိုသန်း ဟိုတုံးက ကိုသန်းချစ်သလို အထွေးလဲ ချစ်ပါတယ်၊ ဒါပေမဲ့ အထွေးမှာ မလွတ်လပ်ခဲ့လို့ ကိုသန်း ချစ်သလို ပြန်မချစ်နိုင်ခဲ့ဘူး။ အထွေးရင်ထဲမှာ ချစ်နေသမျှ ဖွင့်ဟပြီး ကိုသန်းရဲ့ အချစ်ကို လက်ခံခဲ့ရင် လူတကာ ကဲ့ရဲ့ပြီး ထွေးကြတဲ့ တံထွေးခွက်မှာ အထွေးတို့ ပက်လက်မျောကြလိမ့်မယ်။ ကိုသန်းကို လူတကာ ကဲ့ရဲ့မှာကို မကြည့်ရက်လို့ ကိုသန်းရဲ့ အချစ်ကြွေးတွေကို လက်ခံမိခဲ့တယ်။ ဒီ အကြွေးတွေကို အထွေးမှာ ပြေလည်အောင် မဆပ်နိုင်ခဲ့လို့ အထွေးမှာ ချစ်ကြွေးတွေ.... တင်ပြီး ကိုသန်း စိတ်ဒုက္ခ ရောက်သလို ရောက်ရအောင် ကိုဝင်း မသက်ာမှုကြီးက နှိပ်စက်နေကြပြီ....

“ရောက်ရာအရပ်က နေပြီး အထွေးတို့ ပြဿနာကို လာပြီး ရှင်းလှဲ့ပါအုံးလား ....ကိုသန်းရယ်၊ သတင်းစာထဲက အတိုင်းဆိုရင်တော့ ကိုသန်း လူ့ပြည်မှာမှ ရှိသေးရဲ့လား၊ ဘယ်ဆီများ ရောက်နေပါလိမ့်မလဲ နော်–ဘုရား ....ဘုရား–ကိုသန်း အသက်ရှည်ပါစေ၊ ကျန်းမာပါစေ၊ ရောက်လေရာ အေးချမ်းပါစေ....”

ခင်မေထွေးမှာ အိပ်မပျော်နိုင်တိုင်း လက်အုပ်ခလေး ချီ

ကာ ဆုတောင်း မိလေတော့သတည်း။

## ဝေးတရွေ့ရွေ့

ခရီးစဉ်မရှိ ခြေဦးတည့်ရာ ထွက်လာသည့် ပန်းချီဆရာ ကိုမြင့်သန်းကား မောင်းမကန်ကမ်းခြေတွင် ၃–၄–လမျှ နေခဲ့ရာမှ ဝေဒနာမှာ သက်သာ ထူးခြားခြင်း မရှိသည့် အပြင်၊ ကြည်နူး လွမ်းဆွတ်ဘွယ် ပင်လယ်ကမ်းခြေ ရှုခင်းကို ငြီးငွေ့၍လာတော့သဖြင့် ခရီးထွက်ရန် ပြင်ခဲ့လေသည်။

စိမ်းလန်းလှပသော ထင်းရှူးပင်များနှင့် အခြား ပန်းပင်များ ဝန်းရံကာလျက်ရှိသော ခြံဥယျဉ်နှင့်တကွ တည်းခိုအိမ်မှ ကိုမြင့်သန်း ထွက်ခွာလာသည့် အချိန်ကား မိုဃ်းသံတွေ တလုံလုံနှင့် မုတ်သုန်လေ ရွှင်မြူးနေသည့် ဝါဆိုဦးဖြစ်ခါ ဝတ္ထုအစတွင် ဘော်ပြခဲ့သည့် သတင်းစာ မထွက်မီ ရက် အနည်းငယ်ခန့်က ဖြစ်လေသည်။

အေးချမ်းသာယာ ဆိတ်ငြိမ်လှသည့်စခမ်းသာလေးမှ ထွက်ခွာရမည်ကို ရင်ထဲတွင် ဟာတာတာနှင့် ဘာလိုလို ဖြစ်ခဲ့၏။

"ဆရာကြီး စောစောစီးစီး ဘယ်သွားမလို့လဲ...."

သားရေသေတ္တာ အိပ်ရာလိပ်တို့ကို မနိုင့်တနိုင် ဆွဲကာ ထွက်လာသော ကိုမြင့်သန်းအား ငါးမျှားရန် ထွက်လာသော ရွာသူရွာသားတို့က ပြာပြာသလဲ မေးမြန်း ကြလေသည်။ "ခရီးထွက်အုံးမလို့" ဟူသော အဖြေကို ကြားရသော အခါတွင်မူကား "ဟင်....သွားအုံးမယ်လား၊ နို့.... ခင်ဗျား နေမကောင်းဘူး မဟုတ်လား၊ နေမကောင်း ရက်နဲ့များဖြင့် နေရောပေါ့....အေးလေ သွား

ချင်ရင်လဲ မတားပါဘူး၊ ပေး ပေး ကျုပ်တို့ ထမ်းပို့ပေးပါ့ မယ်” ဟု ဝိုင်းဝန်းပြောဆို ကူ ညီကြ၏။

သဘောကောင်းကာ ပြုံ ငှာလှသည့် နိုင်ငံကျော် ပညာ ရှင် မိတ်ဆွေကြီးတယောက်နှင့် ခွဲခွာရမည့်အရေးမှာ ရိုးသား လှသည့် ရွာသားများတွင် ဝမ်း နည်းဘွယ်ရာလို ဖြစ်နေ၏။ သွေးသားဆုတ်ယုတ်သဖြင့် ဖြူ ရော်ရော် ဖြစ်နေသော မျက် နှာမြင်ရုံနှင့် လူမမာဟု သိနိုင် သော ကိုယ်ခန္ဓာ၊ အသက် ၄၀– ကျော်လောက် သာ ရှိသေး သော်လည်း .... အဘိုးအိုပမာ တွန့်လိပ်နေသော အရေအ သား ဖြူဖြူဖွေးဖွေး ငွေရောင် ဆံပင်များ ရောနေသော ဦး ခေါင်း ....

ထိုအထဲတွင် စူးယှတောက် ပြောင်သော မျက်လုံးသာလျှင် ကိုမြင့်သန်း၏ ငယ်ရုပ်ကို မှတ် မိစေတော့သည်။

မောင်းမကန်ရွာကလေးကို လမ်းအတိုင်း လျှောက်လာရာ တွင်လည်း မြင်ဘူးသူများက ရော မမြင်ဘူးသူတို့ကပါ တွေ့ သမျှ လူတိုင်းက ဘယ်ကိုသွား မလို့လဲဟု ဝဲတဲတဲသံဖြင့် မေး ကြတိုင်း ဟုတ်ကဲ့, ဟို....ဒိပြင်, အရပ်ကို....ဟူ၍ ချိုသာစွာ ဖြေ ကြားခဲ့၏။

“ဟင်, ဒိပြင်ကို၊ အင်း .... သတိထားသွားလေ ဆရာ မရှိ ရင် ခလေးတွေတော့ ပျင်းနေ တော့မှာဘဲ....”

သွားလေရာရာတွင် ချစ်သူ ခင်သူပါ များချင်းကား ကိုမြင့် သန်း၏ ထူးခြားသော ကုသိုလ် တရပ်ပင်။

× × ×

သတင်းစာထဲတွင် ကိုမြင့် သန်း၏ အကြောင်း .... ပါပြီး

သည့်မှ ၅–ရက်ခန့်ကြာခဲ့သော နေ့၏ ညနေခင်းဖြစ်လေသည်။

ပန်းချီဆရာ ကိုမြင့်သန်း သည် ပဲခူးမြို့ရှိ ဝတ္ထုစာအုပ်တိုက် တခုရှေ့တွင် ရပ်နေရာမှ ဆိုင်းဘုတ်ကို သေသေချာချာ ဘတ်ကြည့်ပြီး တိုက်ပေါ်သို့ တက်ခဲ့လေသည်။ သူ၏ အကြံကား သူနောက်ဆုံးရေးခဲ့သော ကဗျာများနှင့် အရုပ်ကားများကို ပေးအပ်ခါ ထိုက်တန်သည့် အဘိုးအခကို တောင်းရန်ပင် ဖြစ်၏။ တိုက်ပိုင်ရှင်မှာ မည်သူ ဟူ၍ မသိသော်လည်း ပန်းချီ ကိုမြင့်သန်း၏ နောက်ဆုံးလက်ရာဆိုပါက ဝမ်းသာစွာ လက်ခံယူကြလိမ့်မည်ဟု ထင်လေသည်။ ကံအားလျော်စွာ တိုက်တွင်းမှ ထွက်လာသူကား အသိဟောင်းတဦး ဖြစ်လေသည်။

"ဟင်....ကိုမြင့်သန်း ဘယ်ကလှဲ့လာသလဲ၊ ခုမှဘဲ တွေ့ရတော့တယ်။ ခင်ဗျား .... မြုပ်ချက်သား ကောင်းလိုက်တာ"

ကိုမြင့်သန်းသည် ခေတ္တမျှ ငိုင်သွားလေသည်။ ဟိုယခင် ငယ်ရွယ်နုပျိုစဉ်က ကြီးမားလှသော မျှော်လင့်ချက် အလိုဆန္ဒများကြောင့် .... ထူးထူး .... ခြားခြား တိုင်းတပါးသို့ပင် သွားရောက်ခါ ပညာကို စုံအောင်သင်ခဲ့၏။ ပြည်တော်ပြန် အဖြစ်ဖြင့် ပြန်လာခဲ့ရာတွင် မြန်မာပြည်၌ အထက်တန်းစား ပန်းချီပညာရှင်တဦးဟုထင်ရှားကျော်စောခဲ့၏။ စီးပွားရေး၌လည်း မသေးသိမ်ခဲ့၊ ကျေးရွာရှင် မိခင်ကြီး သေဆုံးသွားခဲ့သော်လည်း အိမ်ထောင်ထိန်းသိမ်းမှု ကျွမ်းကျင်ကာ လိမ္မာရေးခြားရှိသည့်ပြင် မိမိအပေါ်တွင် ကြင်နာစွာ ပြုစုသူ ကြူ

ကြုံရှိပြီဖြစ်သဖြင့် အိမ်ထောင်ရေးအတွက် ပူစရာမရှိ ယူဆကာ ကြုံကြုံကလေးနှင့် ပျော်ပျော်ပါးပါး နေခဲ့ပုံများကို မြင်ယောင်လာတော့ရာ ရင်တွင်း၌ ဆို့လာပြီး နဖူးကြောကြီးတွေ.... ရှုံ့သွားသည် အထိ– ချောင်းဆိုးလိုက်၏။ ယခုကား မျှော်လင့်ချက် ကင်းသူ၏ ဘဝသို့တိုင်ခဲ့ပေပြီ....

"ကိစ္စကတော့ ဒီလိုပါ၊ အခု ကျုပ်ဆီမှာ ပါလာတဲ့ ကဗျာတွေနဲ့ ပန်းချီကားတွေကို အဟွတ်– အဟွတ်– ထိုက်တန်သလောက် ရောင်းခဲ့ချင်တယ်။ အဲဒါ အဟွတ်.... အဟွတ်.... ခင်ဗျား ကျုပ်ကို မစ,တဲ့အနေနဲ့ ဝယ်ပါ...."

ကိုမြင့်သန်းသည် လွယ်အိတ်အတွင်းမှ ပစ္စည်းများကို ထုတ်လေ၏။ အယ်ဒီတာမှာ နားထောင်ရင်း စဉ်းစားနေ၏။ ထိုစဉ်အခါက ကိုမြင့်သန်း၏ စာအုပ်ဆိုလျှင် စာအုပ်တိုက်တိုင်းက သူ့ထက်ငါ ဝယ်ယူရိုက်နှိပ်ကြ၏။ ယခုကား ပန်းချီမြင့်သန်း၏ ခေတ် ကုန်ခဲ့ချေပြီ။ အကယ်၍ သူ၏ စာအုပ်သည် မတွင်ကျယ်ပါက မည်သို့ ပြုမည်နည်းဟု တွေးကာ "ခက်တာဘဲ...." ဟု ညည်း၍ သက်ပြင်းတချက် ချလိုက်လေသည်။

"ဟွန်း"

ကိုမြင့်သန်းလည်း သံယောင်လိုက်ခါ ညည်းလေ၏။

"အင်း ....ခေတ်ဆိုတာ အင်မတန် ကြောက်စရာကောင်းတာဘဲ" ဟု အယ်ဒီတာသည လေကန်စွာ ပြောရင်းက .... အိတ်ထဲမှ ငွေစ အနည်းငယ်ကို ထုတ်လေသည်။

"ကိုင်း .... ကိုမြင့်သန်း နဲ တယ်လဲ မထင်ပါနဲ့– ခင်ဗျား

ဟာတွေလဲ မယူပါဘူး၊ အားလဲ နာပါရဲ့၊ ခရီးစရိတ် ဆိုသလို ဒါလောက်နဲ့ လောက်ရော ပေါ့– ကျွန်တော်တို့မှာလဲ မ ချောင်လည်သေးလို့ပါ....”

“အို.... ကိစ္စမရှိပါဘူး ဒါ လောက်ဆိုရင် လောက်ပါပြီ အပွတ်–အပွတ်– ကဲ.... အ လကား ပေးတဲ့အနေနဲ့ဘဲ ကျုပ်ဆီကဟာတွေ ယူထား လိုက်ပါ၊ ကဲ .... သွားပါအုံး မယ်....”

အယ်ဒီတာသည် စာရွက် တရွက်ကို ဆွဲယူကြည့်မိ၏။

**မမေ့တဲ့နိုင်**

ရပ်တည်မငြိမ်

“ရာသီအိမ်စက်၊ လှည့်
လည်ချက်ကြောင့်။
ရက်လ ရာသီ၊ အလီ
လီဖြင့်၊
တာရှည် ကာလ
ညောင်းခဲ့ပြီ၊
မျှော်လင့်တောင်းတ၊
လိုဆန္ဒလည်း။
လုံးဝဥဿုံ ဘယ်ခါ
တုံမှ၊
ပြည့်စုံဘို့ရာ၊ မြင်တော့
ပါတည့်။
တွေ့ကြ ကွဲကြ၊ ဤ
လောကဝယ်၊
ဘဝရေစက်၊ ဖန်လာ
ချက်ကြောင့်၊
အိပ်မက်ပမာ၊ ဖြစ်လေ
ရာလည်း။
ငါ့မှာ ခုတိုင်၊ မမေ့
နိုင်ခဲ့။
ဖြစ်ဟန် ပျက်ဟန်၊
လောကခံကြောင့်၊
ပူပြန်တလှဲ့ အေးတလှဲ့
လျှင်၊

ကြုံခဲ့သမျှ၊ ဒုက္ခတို့
အား ....။
လွင့်ပါး ဖျက်ဖြေ၊ ပြေ
ပါနိုင်ခဲ့။
ရပ်တည်မငြိမ်၊
ရာသီအိမ်စက်၊ လှည့်
လည်ချက်ကြောင့်။
ရက်လရာသီ၊ အလီ
လီဖြင့်။
တာရှည် ကာလ
ညောင်းခဲ့ပြီ....

အယ်ဒီတာသည် ဘတ်ရင်း ဘတ်ရင်း ဝမ်းနည်းသလို ဖြစ်လာသောကြောင့်၊ နောက်စာရွက်များကိုပင် ဆက်၍ မကြည့်တော့ဘဲ လမ်းမကြီး အတိုင်း တရွေ့ရွေ့ ထွက်ခွာသွားသော ကိုမြင့်သန်း၏ နောက်ပိုင်း သဏ္ဍာန်ကိုသာ ငေးကြည့်နေမိလေသည်။

× × ×

နေမင်းကား .... အနောက်လောကဓာတ်ခွင် ထိန်ပင်ကျွန်းသို့ ယွန်းခဲ့ပြီ၊ ညို့မှိုင်းသော မိုးသားမိုးရိပ်များ ဖုံးလွှမ်းထားသဖြင့် ကိုးရပ်ခွင်ဝယ် မှောင်မဲလျက် ရှိလေသည်။ လေးလံသော ခြေလှမ်းကို အနိုင်နိုင် သယ်ယူရင်းက လယ်ကန်သင်း တလျှောက်အတိုင်း .... လမ်းလျှောက်၍လာသော ကိုမြင့်သန်းမှာ ယိုင်မလဲသွားရအောင် မနဲကြီး သတိထားရလေသည်။ မှိတ်တုပ် မှိတ်တုပ် ကြယ်ရောင်တို့သည် သူ့အား လမ်းပြလျက်ရှိ၏။ တဖြေးဖြေးနှင့် ရွာဦးစေတီသို့ ရောက်ခဲ့လေသည်။ ကိုမြင့်သန်းသည် မတ်တတ်ရပ်ခါ ခေတ္တမျှ ငေးနေ၏။ နောင်တွင် ဘုရားရင်ပြင်ဆီသို့ လာခဲ့၏။ ဘုန်းကြီးကျောင်းအောက်မှ ခွေးတအုပ်သည် သူ့အား ကျယ်လောင်စွာ ဆီး၍ ဟောင်ကြသဖြင့်

လန့်သွားလေ၏။ သူသည် အာရုံခံ တန်ဆောင်းထဲသို့ ဝင်ကာ အိတ်တွင်းမှ ဖယောင်းတိုင် အမွှေးတိုင် မီးခြစ်များကို ထုတ်လေသည်။ ရှဲခနဲ မီးခြစ်ကို ခြစ်သော်လည်း အပြင်းအထန် တိုးဝင်လျက် ရှိသော လေသရမ်းကြောင့် ချက်ခြင်းပင် ငြိမ်းသွားလေ၏။ သူသည် ဖယောင်းတိုင်ကို မထွန်းဘဲ အမွှေးတိုင်တွင် မီးညှိရန် ကြိုးစားလေသည်။ အတော်ကလေးကြာသောအခါ နီရဲရဲမီးစကလေးနှင့် အမွှေးနံ့တို့သည် တန်ဆောင်းအတွင်းဝယ် ပျံ့သင်းလျက် ရှိတော့၏။ ကိုမြင့်သန်းသည် ဘုရားကို အာရုံပြု၍ ရှိခိုးလေတော့သည်။

"ကြူကြူရေ.... အမျှ အမျှ ကိုလေး မှားခဲ့တာတွေ ခွင့်လွှတ်တော့နော်၊ ကိုလေးလဲ ကြူကြူ နောက်ကို လိုက်ရတော့မှာဘဲ၊ ဒါကြောင့်မို့.... ကြူကြူနဲ့ အတူ နေရအောင် ကြူကြူ ခေါင်းချရာ အရပ်ကို လိုက်လာပြီလေ။ ကြူကြူရေ– အမျှ....အမျှ....ဘုရား....ဘုရား– ဖြစ်လေရာဘဝတိုင်း အချစ်ကြောင့် ခံစားသည့် ဒုက္ခမှ ကင်းလွတ်ရပါလို၏ ဘုရား"

ကိုမြင့်သန်း၏ စကားသံများသည် မိုဃ်းသံလေသံများအကြားမှ မထင်မရှား ထွက်ပေါ်၍လာ၏။ တဖွဲဖွဲ ကျလာသော မိုဃ်းရေစက်သည် အရှိန် ပြင်းလှသည့် မိုဃ်းသက်လေ၏ အကူအညီဖြင့် အကာအရံ ကင်းမဲ့သော တန်ဆောင်းအတွင်းသို့ ဝင် လာကာ သူ၏ မျက်နှာကို ပက်ဖြန်းလေ၏။ ကိုမြင့်သန်းသည် စီးကျလာသော မျက်ရည်တို့ကို သုတ်ရင်း ရင်တွင်းတွင် စွတ်

စို၍ လာ၏။ ပြင်းထန်စွာချောင်း ဆိုးသည့်အသံနှင့် အတူ စည်းချွဲသော အရည်များသည် ပါးစပ်တွင်းမှ ကျလာ၏။ ပါးစပ်ဝတွင် ဆို့ထားသည့် လက်ကိုင်ပုဝါဖြူကား .... စွတ်စို ညှိ ဟောင်လျက် ရှိ၏။ ရှည်လျားသော ချောင်းဆိုးသံ၏ အဆုံးတွင် တဖြည်းဖြည်း ပြော့ခွေ၍လဲကျသွား၏။ အမွေးတိုင်မှ အမှုံ့မွှားမွှား မီးရောင်တွင် သူ၏ တောက်ပြောင်သည့် မျက်လုံးသည်....စူးယှစွာ ထွန်းလင်းလျက် ရှိ၏။ လူသေပမာ ထကြွလှုပ်ရှားရန် အားလည်း မရှိတော့ချေ။

"ဟင်....သေ...သေ...သေ ခွေးလိုသေ၊ ဘာမှ ပူစရာ မရှိဘူး။ ဒီအတိုင်း သေသွားရင် ဝဋ်ကျွတ်တယ်။ ဝဋ်ငြိမ်းပြီ.... ကြူကြူရေ.... မင်းကိုလေးကို လာ ခေါ်လှည့်ပါတော့.... ကွယ်...."

ပြင်းထန်လှသော မိုဃ်းသံ လေသံများသည် သဲသဲ မဲမဲ ဟောင်နေသည့် ခွေးဟောင်သံကိုမြင့်သန်း၏ ညည်းညူသံတို့ကို ဖုံးလွှမ်းပစ်ကြ၏။

ထိုမှ မိုဃ်း တဖြည်းဖြည်း စဲ၍ လုံးဝ ရပ်သွားသည့် အခါတွင်ကား .... ရွာတွင်းရှိ ခြံသမား ကိုဘိုးလှ၏ အိမ်တံခါးကို ပုတ်လျက်ရှိသည့် ကိုမြင့်သန်းအား တွေ့ရလေသည်။ ကိုဘိုးလှကား ....ကြူကြူ၏ အကိုဝမ်းကွဲတော်သူ ဖြစ်လေသည်။ စိတ်မချမ်းမြေ့ဘွယ်ရာ တကိုယ်လုံး ရွှဲရွှဲစိုနေသော ကိုမြင့်သန်းအား ကြည့်ကာ အံ့သြနေမိ၏။ ယခင်ကနှင့် မတူသော ရုပ်လက္ခဏာ အတွက် ဝမ်းနည်းစိတ်ပျက် ကရုဏာသက်မိ၏။ ကိုမြင့်သန်းမှ ဟုတ်ပါလေစဟု တွေးနေ၏။ ချက်ခြင်းပင် နမသယ်....ကြူကြူအား သတိရမိ

၏။ ကျောက်ရုပ်ပမာ မလှုပ် မ ရှက်ရပ်ခါ ငေးနေပြန်သည်။

တံခါးပေါက်မှ သားရေ သေတ္တာကို ကိုင်ကာ အထဲသို့ ဝင်လိုက်သည်နှင့် တပြိုင်နက် လဲကျလာသော ကိုမြင့်သန်း အား ပွေ့ချီကာ အဝတ်အစား လဲပေးပြီး ....အိပ်ရာသို့ သွင်းခဲ့ ရ၏။ တညလုံး ရေနွေးကြို, မီး ဖို စသည်ဖြင့် အိမ်သား အရင်း ပမာ ပြုစုရှာ၏။ အဘော်မရှာ ဘဲ တကိုယ်တည်း နေခဲ့သော လူပျိုကြီး ကိုဘိုးလှကား ... အ လုပ်များနေတော့သည်။

နံနက် မိုးသောက် အလင်း သို့ရောက်ခဲ့၏။ မနေသာသော ကိုဘိုးလှမှာ ရွာတွင်းရှိ ဆေး ဆရာ တဦးအား ခေါ်ရလေ တော့၏။ ရောက်လာကတည်း က စမ်းသပ်ကြည့်ရှုပြီး ဘာမှ မပြောဘဲ တွေဝေ ငေးမောနေ သော ဆေးဆရာကို ကြည့်ကာ ကိုဘိုးလှသည် အားမလို အား မရ ဖြစ်နေ၏။ အချိန် အတော် ကြာ တိတ်ဆိတ်လျက် ရှိလေ ၏။

ကိုမြင့်သန်းကား ... ပြူး ကြောင်ကြောင်နှင့် ဆေးဆရာ အား ငေးကြည့်နေလေသည်။

“အင်း ... သိပ်တော့ မဟုန် ဘူး ...” ဟု ဆေးဆရာသည် နောက်သို့ လှည့်ကာ ညည်းလေ ရာ ...“ဘာဖြစ်တယ် ... မဟုန် ဘူး–”ဟု ကိုဘိုးလှသည် မတိုး မကျယ်မေးလိုက်၏။ ဆေးဆရာ သည် ခေါင်းကို တဆပ်ဆပ် ငြိမ့်နေရာမှ ...“ဒါပေမဲ့ ဟိုလူ နဲ့ဆို ရမလား မသိဘူး ...”

“ဘယ်သူလဲ...ဟင်၊ ဘယ် သူလဲ...”

“ရန်ကုန်မှာ ဆရာဝန်ကြီး

တယောက် ကျုပ်နဲ့ အသိ ရှိတယ်၊ သူက အဆုတ်ရောဂါ သက်သက်ကို ကုနေတဲ့လူ....”

“ဟင် ... ဒါဖြင့် ခေါ်ပေးပါလား .... ဟင်၊ ခေါ်ပေးပါလား ...”

ကိုဘိုးလှသည် ဆေးဆရာ၏ ခြေထောက်ကို ဖက်မတတ် တောင်းပန်လေသည်။

ကိုမြင့်သန်းကား .... မှိန်း၍သာ နေလေ၏။

နာရီဝက်ခန့် ကြာသော အခါ ... ဆေးသေတ္တာကို ဆွဲ၍ ဆင်းသွားသော ဆေးဆရာအား တွေ့ရလေသည်။

× × ×

“ကိုဘိုးလှ.... ကိုဘိုးလှ....”

“ဘာလဲ.... ကိုမြင့်သန်း .... ဘာကိစ္စလဲ–”

ကိုဘိုးလှသည် ပြာပြာသလဲ မေးလေသည်။ ကိုမြင့်သန်းမှာ ကိုဘိုးလှထက်ငယ်သော်လည်း ကြုံကြုံနှင့် ပတ်သက်ခါ ကျေးဇူးမကင်းသူ ကိုမြင့်သန်းအား ရိုသေစွာ ခေါ်ဝေါ်တတ်လေသည်။

“ဆရာကော... ဆရာ ဘယ်သွားသလဲ....”

“ရန်ကုန်ကို သွားတယ်။ ရန်ကုန်က ဆရာဝန်ကို သွားခေါ်တယ်။ အဆုတ်ရောဂါ ကုတဲ့ ဆရာလေ။ သူနဲ့ ဆိုရင် ရမယ်တဲ့–”

“ရန်ကုန်ကလား ... ဟင် ... ဟုတ်လား”

ကိုမြင့်သန်းသည် မျက်စိကို မှိတ်ခါ ခေါင်းကို ရမ်းလေ၏။ အတန်ကြာတော့မှ ... “ဒီမယ်– ကိုဘိုးလှ သားရေ သေတ္တာထဲက စာရွက်တွေ ထုတ်ပေးစမ်းပါ....” ပြောပြီး လေးလံသော ခန္ဓာကိုယ်ကို အနိုင်နိုင် လူးလွန့်

၍ ထကာ ထိုင်ရင်း ... ပြူတင်း ပေါက်ဆီမှ အုံ့မှိုင်းသော လောကဓာတ်ကို ငေး၍ ကြည့် နေ၏။

"ရန်ကုန်က ဆိုရင် ... ဝင်း မောင်များဖြစ်နေရော့သလား။ အင်း ... အထွေး–အထွေး– ဒင်း ကလေး ဘယ်လိုများ နေရှာ ပါလိမ့်။ မဖြစ်နိုင်တာကို ကြံဖန် ပြီး ... ချစ်မိတဲ့ ဒီကအကောင်ရဲ့ ဒုက္ခကို မြင်လှဲ့စမ်းပါကွယ်။ ဒီ ဘဝမှာတော့ တရှေ့ရှေ့နဲ့ဘဲ ဝေး ... ဝေး ... ကြပါပြီ ..."

သူသည် စာရွက် တရွက်ကို ထုတ်ခါ စာရွက်ဖြူပေါ်တွင် ... ထင်လျက် ရှိသည့် စာလုံး က လေးများကို စိတ်ဝင်စားစွာ ကြည့်နေ၏။

**"ဒီဘဝ"**

ရာသီဟေမန်၊
မြောက်ပြန် လေညှင်း၊
ဆော်ကာ သွင်း၍၊
ပင်မင်းဂနိုင်၊ ဝနာမြိုင် ဝယ်၊
အခိုင်ခိုင်ဆင့်၊ မာလာ ပွင့်တို့၊
နမ်းချင့်ဘွယ်ပင်၊ ကြူ မွှေးအင်လည်း၊
ဆင်ယင်ပိုက်ထွေး၊ ပန် သူဝေးမို့၊
မျှော်တွေး လျက်သာ၊ သက်ပမာပ၊
ချစ်ရှာသူလေး၊ အစဉ် ငေးကာ၊
အတွေးနှင့်သာ ပျော်ခဲ့ စဉ်....
ခါနွေလဝယ်၊
တောင်က သုတ်ဖြူး၊ လေပြေရူးတို့၊
ရှင်မြူးကြည်သာ၊သွင်း ထွေလာက၊
သံသာ ချိုချို၊ ဥဩပိုု တို့၊
သီဆို ကြွေးကာ၊ ပျော် နေရှာလည်း၊

ငါ့မှာ မရှင်၊ ဆွေးစိတ်
ဝင်ခဲ့....
ချစ်ကြင်ဘို့ရေး၊ အစဉ်
တွေးကာ....
အဝေးလင့်ကာ– မျှော်
ခဲ့အင် ....
ခါဝသန်တွင်....
ထက်ယံကိုးရပ် ပဇ္ဇုန်
နတ်တို့ ...
မိုဃ်းတပ်ဆင်ပျိုး၊ မာန်
ညိုးလေဟန်....
ဂျိုးဂျိမ့် ထန်ကာ–
အုံ့မှိုင်းလာက....
ကိုင်းညှာထိုထို၊ စုံတခို
ဝယ် ....
မ–ဖို– ခေါ်သံ၊ ဆူဆူ
ညံဖြင့် ....
တောင်ပံ ချင်းယှက်–
ဘိုးခေါင်ငှက်တို့ ...”
ပျော်ချက်ဆင်ယင်၊ နေ
ကြအင်လည်း ....
မရှင်ငါ့မှာ– နှံးချိစွာ
တည့် ....
ကြင်နာသူဝေး၊ သည်
မောင်လေးငယ် ....
အဆွေးနှင့်သာ ....
တော်တော့ထင် ....

“ကိုဘိုးလှ ....”

“ဗျာ ....”

“ကျွန်တော်ဟာ– ခင်ဗျားတို့ကို တော်တော်ဘဲ ဒုက္ခပေးခဲ့မိတယ်နော် ....

“အို....ဘာတွေ ပြောနေတာလဲ ကိုမြင့်သန်း .... ခင်ဗျားရဲ့ ကျေးဇူးတွေ....”

ကိုဘိုးလှသည် ခေါင်းငိုက်စိုက် ကျနေသော ကိုမြင့်သန်းအား ကရုဏာတွေ လျှံနေသော မျက်လုံးဖြင့် ကြည့်ခါ ပြောလေသည်။

“မဟုတ်ဘူး၊ ကျွန်တော် သိတယ်။ ကြူကြူလေးဟာ– ကျွန်တော့ကြောင့် သေတာ” ကျွန်တော်သာ ဟိုတုံးက .... ကြူကြူက လွဲပြီး ဘယ်သူမှ

ဂရုမစိုက်ခဲ့ရင် ဒီလိုဒုက္ခရောက် ကုန်ကြမှာ မဟုတ်ဘူး။ အဟွတ် အဟွတ်....”

“ဒီလိုလဲ ဘယ်ဟုတ်မလဲ ကံတရားပေါ့ – ကံစီမံရာကို သာ ခံကြရတာပေါ့– ကိုယ်က ပြုပြင်လို့ ရနိုင်တာမျိုးမှ မဟုတ်ဘဲ။ ဘုရားတောင် ဝဋ်ကြွင်းပါသ၍ ခံသွားရသေးတာ ကျုပ်တို့ လူတွေမှာ ဝဋ်ရှိရင် ဘယ်မှာ လွတ်ပါ့မလဲ။ တရားနဲ့သာ ဖြေပါဗျာ”

“ဟုတ်ကဲ့, အမှန်ကတော့ ဟိုတုံးကလဲ ကြူကြူကို နှမလေးလိုကလွဲပြီး ပိုချစ်လို့ မရခဲ့ဘူး။ အို...ပြီးခဲ့တဲ့ရက်တွေကတော့ ပြန်မလာတော့ပါဘူး။ အင်း ... ဒုက္ခ... ဒုက္ခ...”

## ဆပ်ပေါ့ ချစ်ကြွေး

“ဟုတ်ပါပြီ, လိုက်ဆိုရင်လဲ လိုက်ရတာပေါ့ ဦးလှဖေ၊ သွားရမဲ့ နေရာက ဘယ်မှာတုံးဗျ....”

“အနီးကလေးပါ ဒေါက်တာရဲ့ ပဲခူးနားက ကျွန်တော်နေတဲ့ရွာတင်ပါ....”

“လူမမာက တော်တော်သဲနေသလား ...”

“ဒီအတိုင်းဆိုရင် သွားခါနီးနေပါပြီ၊ အရက်သတ္တိတွေပေါ့ ငယ်ငယ်က အတော်သောင်းကျန်းခဲ့တယ် ထင်ပါရဲ့....”

“ဘယ်လိုဘဲ– ဖြစ်ဖြစ်လေ လူမမာဆိုရင် ကုရတာပေါ့....”

ဒေါက်တာဝင်းမောင်သည် ခရီးထွက်ရန်အတွက် အစေခံခေါ် ခေါင်းလောင်းကလေးကို နှိပ်လိုက်၏။ ဦးလှဖေကား မြန်မာ့ခေတ်ဗိန္ဒော ဆရာဖြစ်သော်လည်း အင်္ဂလိပ် ဆေးပညာရှင် ဆရာဝန်များနှင့် အတော်ပင် သိကျွမ်း၏။ ဒေါက်တာ ဝင်း

မောင်နှင့်လည်း ရင်းနှီးသူ ဖြစ်လေသည်။

"ဒေါက်တာ .... သူ့ကို သိမှာပေါ့ ...."

"ဘယ်သူ့ကိုလဲ ...."

"လူမမာကို ပြောတာပါ၊ နာမည်ကျော် ပန်းချီ ဆရာထဲကဘဲ ...."

"ပန်းချီဆရာ...."

ဒေါက်တာ ဝင်းမောင်သည် အလန့်တကြား မေးလေ၏။

"ဟုတ်တာ် ဘိလပ်ပြန်ထဲကဘဲ၊ ဘယ်သူပါလိမ့်... ကိုမြင့်သန်းဆိုလား၊ ကျုပ်တို့တော့ ခုမှဘဲ လူကို မြင်ဘူးတယ်...."

"ဘယ်သူ... မြင့်သန်း ..."

"ဟုတ်တယ်... သိလား"

ဤမျှ တိမ်မြုပ်ခဲ့သော ကိုမြင့်သန်းသည် ဤကဲ့သို့သော ဇနပုဒ်တွင် သေငယ်ဇောနှင့် မြောနေလေပြီကော .... ဟု ဒေါက်တာ ဝင်းမောင် တွေးမိလေ၏။ ထို့နောက် ....

"ဟင့်အင်း မသိပါဘူး" ဟု ခေါင်းကို ခပ်လေးလေးပင် ရမ်းလိုက်၏။

"ခေါ်ပါသလားရှင်" ဟု ပြောရင်း ဝင်လာသော သူနာပြုဆရာမကိုလည်း ဘာမှပြန်မပြောဘဲ ငေးနေ၏။ အတန်ကြာ စဉ်းစားပြီးမှ ....

"ကဲ.... အားလဲနာပါရဲ့၊ ဒီကနေ့တော့ မလိုက်နိုင်ဘူး ...."

"ဟင်...."

ဆေးဆရာ ဦးလှဖေသည် ငိုင်၍ သွားတော့၏။

"ဘယ်လိုနည်းနဲ့မှ လိုက်လို့ မဖြစ်ဘူးလား၊ ဒေါက်တာ"

"ဟုတ်တယ် ... မဖြစ်ဘူး.."

ဒေါက်တာ ဝင်းမောင်

သည် ပြတ်တောင်းစွာ ဖြေလေ၏။

"အင်း … ဒီလိုဖြင့်လဲ ဘယ်တတ်နိုင်မလဲ။ ကိုင်း အချိန်ဖြုန်းနေလို့ မဖြစ်သေးဘူး။ သွားလိုက်ပါအုံးမယ်…."

ဦးလှဖေသည် ခြေလှမ်းကျဲကြီးဖြင့် အပြင်သို့ ထွက်လာ၏။ ဒေါက်တာ ဝင်းမောင်ကား မျက်မှန်အောက်မှ မျက်မှောင်ကို ကြုတ်ရင်း– ကျန်ရစ် ခဲ့လေသည်။

× × ×

နေမင်းကွယ်ပျောက် ညအချိန်သို့ ရောက်ခဲ့၏။ ၉–နာရီ ကျော်ခဲ့ပြီဖြစ်၍ အိပ်ခန်းသို့ ဝင်ခဲ့သော ဒေါက်တာဝင်းမောင်မှာ ညနေကတည်းက ယခုတိုင် ကိုမြင့်သန်း၏ အကြောင်းကိုသာ စဉ်းစား၍ နေမိခဲ့၏။ အချိန်မည်မျှကြာခဲ့သည် မသိကြားဘူးသလိုလိုရှိသည့် အသံတသံသည် "ဝင်းမောင်… ဝင်းမောင်" ဟု သူ့အား ခေါ်နေ၏။ ဘယ်သူ၏ အသံပါလိမ့်ဟု တွေဝေနေစဉ် … အသံသည် ဆက်၍ ထွက်ပေါ်လာပြန်၏။

"ခဏကလေးမှ မလာနိုင်ဘူးလား– သူငယ်ချင်းရယ်…. မသေခင် တဆိတ်လောက် တွေ့ပါရစေ …. တယောက်နဲ့ တယောက် ဒီလောက် ချစ်ခဲ့ကြသားနဲ့ အခုလို အမုန်းနဲ့ တော့ မခွဲချင်ဘူး၊ ခဏလေး လာပါကွာ၊ မင်းကို ငါရှင်းပြပါ့မယ်…"

ထင်ရှား ပြတ်သားသည့် ကိုမြင့်သန်း၏ အသံဖြစ်ခဲ့၏။ ဒေါက်တာ ဝင်းမောင်သည် ကြက်သီးတွေ ဖြာလာ၏။ မိုးသက်လေသည် ကိုမြင့်သန်း ရှိရာမှ ကိုမြင့်သန်း ပြောဆို ရေ

ရွတ်နေသော စကားများကို ဆောင်ယူခဲ့ခြင်းပေလော။ သို့မဟုတ် သေပြီး၍ တစ္ဆေဘ၀ ရောက်နေသော ကိုမြင့်သန်းက လာ၍ ပြောနေခြင်းပေလောဟု တွေးနေ၏။ မချိမဆန့် ဝေဒနာ ခံစားလျက် ရှိနေသော ကိုမြင့်သန်း၏ သဏ္ဌာန်သည် မျက်လုံးအိမ်တွင်းမှ ဖျောက်ဖျက်၍ မရနိုင်ခဲ့။ မျက်စိကို မှိတ်၍ ဇွတ်အိပ်ရန် ကြံသော်လည်း ထပ်တလဲလဲ ကြားနေရသည့် ကိုမြင့်သန်း၏ အသံ အမျိုးမျိုးနှင့် မိမိနှင့်အတူ ... ကျောင်းအတူတူနေခဲ့စဉ်က ကိုမြင့်သန်း၊ လန်ဒန်တွင် အတူနေစဉ်က ကိုမြင့်သန်း၊ ပြန်လာပြီးမှ နာမည်ကြီး ပန်းချီဆရာ ကိုမြင့်သန်း ... ကိုမြင့်သန်း၏ ပုံသဏ္ဌာန်များစွာတို့သည် ရစ်ဝဲ၍လာကြပြန်၏။ ထိုပုံသဏ္ဌာန်တို့၏ နောက်ဆုံးတွင် နုံးချိခွေယိုင်နေသည့် ကိုမြင့်သန်း၏ သဏ္ဌာန်သာ ထင်ရှားစွာ ကျန်ရစ်ခဲ့၏။ အတော်ကြာတော့မှ ရုတ်တရက် ခုန်၍ ထလိုက်ခါ အထွေးရှိရာသို့ ထွက်လာခဲ့လေသည်။

"အထွေး .... အထွေး ...."

အဘယ်ကြောင့်ဟူ၍ မသိ– ခင်မေထွေးလည်း ယနေ့ညတွင် အိပ်၍မရခဲ့။ အထူးသဖြင့် ကိုမြင့်သန်းအား သတိရနေမိ၏။ ကျယ်လောင်စွာ ဟစ်ခေါ်နေသော ဒေါက်တာ ဝင်းမောင်၏ အသံကို ငှက်ဆိုး ထိုးသကဲ့သို့ ထင်မြင်ကာ ချက်ခြင်း ထူးရန်ကိုလည်း သတိမရ၊ အိပ်ရာကသာ လူးလွန့်၍ ထခဲ့၏။

"မြင့်သန်း ... ပဲခူးနားက ရွာမှာ အသဲအသန် ဖြစ်နေပြီတဲ့ ... အဲဒီကို သွားမလို့ အထွေးလဲ လိုက်ခဲ့။ ကဲ ... ခပ်သုတ်သုတ်– ညဥ့်နက်လှပြီ..."

ခင်မေထွေးကား– ပြာပြာသလဲ ဖြစ်နေသည့် ဒေါက်တာဝင်းမောင်၏ အမူအရာအားနားမလည်သလို ကြည့်နေ၏။ ဒေါက်တာဝင်းမောင်၏ စကားကြောင့်၊ ရင်ထဲတွင် ဒိတ်ခနဲခုန်သွားကာ– သေရွာမှ ပြန်လာသူ တယောက်၏ သတင်းကိုကြားရသကဲ့သို့ ခေါင်းနဘမ်းကြီးမိ၏။ သို့ရာတွင် လွန်ခဲ့သည့် ရက်မကြာမီ ကလေးကပင် ဤမြင့်သန်းနှင့် ပတ်သက်ခါ ရန်ဖြစ်ခဲ့ပြီးဖြစ်ရာ… သံသယဖြစ်မိသဖြင့် ဟန်မပျက်–ရပ်နေရပေသေးသည်။

"လုပ်လေကွာ အင်္ကျီလဲပါကွ၊ ကောင်လေးရော အိပ်ပလား…."

"ဟုတ်ကဲ့ … အိပ်ပါပြီ…."

"သူ့တော့ ထားခဲ့ပါကွာ။ အိပ်နေပါစေ။ အထွေးသာ အဝတ်လဲလေ။ မြန်မြန်လုပ်ပါဆိုမှ ကြောင်နေပြန်ပြီ…."

"တကယ်ပြောနေတာလားကိုဝင်း …."

"အိုး– တကယ်ပေါ့ဗျ။ ခက်လိုက်တာ ဒီအရေးထဲမှာ ဘယ်သူကလာပြီး နောက်နေရမှာလဲ။ အဝတ်လဲနှင့်အုံး …"

ဒေါက်တာ ဝင်းမောင်သည် ကားဂိုဒေါင်ဆီသို့ ထွက်လာကာ ဒရိုင်ဘာကို ခေါ်ပြန်၏။

"ကဲ– ကား မြန်မြန် ထုတ်စမ်းကွာ…."

ရေညှိရောင် ချက်ဗလက်ကားသည် တနာရီ မိုင်လေးဆယ်ကျော်နှုန်းဖြင့် ရန်ကုန်မြို့တွင်းမှ ထွက်လာ၏။ ကားထဲတွင် ခင်မေထွေးသည် တိတ်ဆိတ်စွာ လိုက်ပါလာ၏။

"ဟို ... ဆရာ ပြောပုံလို တော့ဖြင့် လက်မှီဘို့ ခဲယဉ်း တယ်တဲ့။ ဘုရား ...ဘုရား... မြင့် သန်းကျန်းမာပါစေ။ မသေပါ စေနဲ့အုံး..."

ဒေါက်တာ ဝင်းမောင် သည် နေ့ခင်းကဆရာနှင့်လိုက် မလာ မိသည်ကို နောင်တ ရ လေ၏။ ယခုကား ဘုရားမှ တ ပါး မည်သူ ကမျှ မကယ်နိုင် တော့ပြီ။

ဒေါက်တာ ဝင်းမောင်နှင့် ခင်မေထွေးတို့ ခြံသမားကို ဘိုးလှ၏ အိမ်သို့ ရောက်သော အခါတွင်ကား မှေးမှိန်သော မီးရောင် အောက်ဝယ် ကြင်နာ တတ်သည့် ဆေးဆရာ ဦးလှ ဖေနှင့် ခြံသမား ကိုဘိုးလှတို့ ၏ ပြုစုခြင်းကို ခံရင်းက သေ မင်းခေါ်ရာသို့ မျက်နှာမူလျက် ရှိသော ကိုမြင့်သန်းအား တွေ့ ရလေသည်။

ဒေါက်တာဝင်းမောင်သည် ဦးလှဖေနှင့် ကိုဘိုးလှအကြား မှာ တိုးဝင်ကာ ... ကိုမြင့်သန်း အား စမ်းသပ်လေသည်။ ထို နောက် သက်ပြင်း တချက် ချ ကာ နောက်သို့ လှည့်ပြီး ဦးလှ ဖေအား အားနာသည့် ဟန် ဖြင့် ကြည့်နေ၏။ ဦးလှဖေက ဘယ့်နှယ်လဲ ဟူသော အနေ ဖြင့် မေးကို ငေါ့လိုက်၏။ ဒေါက်တာ ဝင်းမောင်သည် ခေါင်းကို ရမ်းလိုက်ရာ မှုံမွှား မွှား အလင်းရောင်တွင် မျက်မှန် ရောင်သည် တဝင်းဝင်း လက် သွား၏။ ဒေါက်တာဝင်းမောင် ၏ စိတ်ကို ရိပ်မိဟန် တူသော ဦးလှဖေသည် "ကျုပ်လဲ ခင် ဗျားလာမယ်လို့ အထင်သား ဘဲ။ ဒါကြောင့်မို့ လူမမာကို တောင် လာကြပါလိမ့်မယ်လို့ ပြောထားတယ်။ လာမဲ့ လာ ကြတော့လဲ ညဥ့်နက်ကြီး ..." ဟု ပြောရင်း အပြင်သို့ ထွက်

လာ၏။ အပြင်ဘက်၌ကား လရောင်သည် လင်းလျက် ရှိလေသည်။

ဒေါက်တာဝင်းမောင်သည် ခေါင်းကို ငြိမ့်ရင်း လူမမူဘက်သို့ လှည့်လေ၏။

"ကိုမြင့်သန်း သူတို့ လာကြည့် ကြပြီလေ...."

နောက်တွင် ထိုင်နေသော ကိုဘိုးလှသည် တုံရီသော အသံဖြင့် ပြောလေသည်။

"ဟင် ... ဟုတ်လား..." ဟူသော ကိုမြင့်သန်း၏ သေးငယ်အားနည်းသော အသံနှင့် တကွ တောက်ပြောင်သည့် မျက်လုံးသည် ပွင့်၍လာ၏။

"အင်း ... လာ ကြ တယ် နော် ..."

ဖြူယော် သေးငယ်သော လက်တံသည် စောင်ခြုံ အတွင်းမှ ထွက်လာ၏။

"အထွေး ... အထွေး ..."

ဒေါက်တာ ဝင်းမောင်သည် ယခုထက်ထိ ငိုင်နေသော အထွေးအား လှမ်းခေါ်လိုက်၏။

"အင်း ... အထွေးလဲ လာတယ်လား။ ကျေးဇူးတင် လိုက်တာ ..."

ကိုမြင့်သန်း၏ စူးယှလျက် ရှိသေးသော မျက်လုံးအစုံသည် ၂–ယောက်သားအား တလှည့်စီကြည့်နေ၏။

"ကျုပ်လဲ လာမှာ ဘဲလို့ ထင်ခဲ့တယ်။ မတွေ့တာ အတော်ကြာသွားခဲ့ပြီနော်။ မင်းတို့မှာတော့ အရင်ကလိုဘဲ နေနေကြပေမဲ့ ဘဝက ဝဋ်မလွတ်သာတဲ့ ကျုပ်မှာတော့ အခုလိုဖြစ်နေရပြီ။ ဒါပေမဲ့ ကျုပ် အဟွတ်...အဟွတ် ဝမ်းသာတယ်။ ကျေနပ်တယ်။ အဟွတ်...အဟွတ် ... သေပျော်တယ်..."

"အင်း ...." ဟု ဒေါက်တာဝင်းမောင်သည် သက်ပြင်း တချက် ချလိုက်၏။ ခင်မေထွေးမှာ မျက်ရည်တွေ ဝဲလာ၏။

"ဟော...ဟော...ဟော ဒီအခန်းထဲမှာ ကြူကြူလဲ ကျုပ်လိုဘဲ မမာရာက သေသွားရှာတယ်။ ကြူကြူနဲ့ နေခဲ့တာတွေကို ပြန်စဉ်းစားမိရင် ပျော်ရမလိုလိုနဲ့ ... ရင်ဖိုမိတယ်။ သူ တော်ကောင်းမလေး အဟွတ်, သူတော် ကောင်းမလေးကို ကျုပ် မိုက်မိုက်မှားမှား ပြုမိခဲ့တယ်။ ဒါပေမဲ့ သေခါနီးမှာ သူခွင့်လွှတ်ရှာတယ်။ အခုကစပြီး သူနဲ့ အတူတူနေရတော့မယ်။ နောက်ဘဝမှာ ပျော်ပျော်ကြီး နေကြတော့မယ်။ အဟွတ်–အခုမင်းတို့နဲ့လဲ ပြန်ခင်ရပြီ။ ဟိုတုံးက မင်း ငါ့ကို လမ်းဖြတ်တယ်လို့ ပြောခဲ့တယ် မဟုတ်လား။ ဒါဟာ ငါပြောဘို့ စကား၊ ဟိုတုံးက ဒီလိုသာ လမ်းမဖြတ်ရင်...ငါ... ငါ...အဟွတ်...အဟွတ်..."

ဒေါက်တာဝင်းမောင်သည် ဘာကို ပြောရကောင်းမလဲဟု တွေးနေ၏။ ကိုမြင့်သန်း၏ ချောင်းဆိုးသံနှင့်အတူ အထွေး၏ ရှိုက်သံသည် ဆက်ခါ ဆက်ခါ ထွက်ပေါ်လျက်ရှိ၏။

"အထွေး ... အထွေး ... ငိုနေသလား။ မငိုပါနဲ့ဗျာ။ အထွေး ... အထွေးဟာ ဝင်းမောင်နဲ့ စေ့စပ်ထားတဲ့ သူ ဆိုပြီး ကျုပ်အမျိုးမျိုးဖြေခဲ့တယ်။ နောက်ဆုံးမှာ ပင်ပန်း ကြီးစွာနဲ့ အောင်မြင်ခဲ့တယ်။ ကျုပ်ဟာ အထွေးနဲ့ ဝေးရတဲ့ တနေ့မှာ ဟောဒီလက်ချောင်းတွေမှာ စုနေတဲ့အနုပညာတွေရော–လူရဲ့ ကိုယ်ကျင့်တရားတွေကိုပါ ထိခိုက် လိမ့်မယ်လို့ အထင်ခဲ့သားပါ။ အဟွတ်... အဟွတ်...

ဒါပေမဲ့ – ဝင်းမောင်ဟာ ငါနဲ့ ကျောင်းနေဘက် ဝင်းမောင်ကို ငါ ခင်တယ် ... သစ္စာ စောင့်တယ်...

နောက်ဆုံး အထွေးနဲ့ ဝေးပြီးတဲ့နောက် ကျုပ်ရဲ့ အနုပညာဝါသနာရော– တနိုင်ငံလုံးက ခင်မင်နေတဲ့ နာမည်ကိုရော မလိုချင်တော့ဘူး ...

ဒါတွေကို အထွေးကိုယ် အထွေးရဲ့ အသံကလေးတခွန်း မျက်နှာကလေး တမျက်နှာလောက်မှ မမက်တော့ဘူး...

ပူလောင် ခြောက်ခမ်းနေတဲ့ ကျုပ်ဘဝဟာ မစိုပြေခဲ့ဘူး ...

ပျော်စရာဆိုတာ ဘယ်ဟာလဲလို့ တွေးမရခဲ့ဘူး ...

ဒါကြောင့် ... ကျုပ်ရဲ့ နာမည်ဟာ အဖတ်ဆယ်လို့ မရတော့ဘူး ... စွန့်လွှတ်လိုက်ရတယ် ...

အို ... ကုန်ကုန်ပြောတော့မယ်။ ကျုပ်အပေါ်မှာ စေတနာကောင်းရှာတဲ့ ကြူကြူကိုပါစွန့်လွှတ်လိုက်ရတယ်....

လောဘဇော တိုက်ပြီး အစာကို ဟပ်မိတဲ့ ငါးဟာ.... ငါးမျှားချိတ်စူးတော့မှ သတိရပြီး ရုန်းလို့ လွတ်လာပေမဲ့ ငါးမျှားချိတ်စူးထားတဲ့ ဒဏ်ကတော့ အကောင်းပြန်ဖြစ် မလာတော့သလို ကျုပ်ရဲ့ အချစ်ကြောင့် တောက်လောင် လာတဲ့ အချစ်မီးလျှံကို ကျုပ် တယောက်ထဲ ကြိတ်ခံခဲ့တယ်။ အဟွတ်.... အဟွတ်...."

"မြင့်သန်း–မြင့်သန်း ... ငါ နားလည်ပါတယ်ကွယ်။ မင်းသဘောတွေ ...."

"အေး ... ငါလဲ မင်းတို့ ဒီလိုဘဲ နားလယ်နေလိမ့်မယ် ဆိုတာ ယုံပါတယ်ကွယ်။ ဒီအစား ငါ့မှာသာ လူရာမဝင် အသုံးမကျတဲ့ အရက်သမား ဘဝနဲ့ဘဲ ပျော်ခဲ့ရတယ်။ မင်းတို့ တတွေမှာတော့ ကြီးပွားခဲ့တယ် မဟုတ်လား။ ဒါထက် ခလေးရော... ခလေးရတယ် မဟုတ်လား။ ဘာလို့ ခေါ်မလာ သလဲ...."

"ဟွန် ..."

ရင်ထဲတွင် တစ်ဆို့နေသဖြင့် ဒေါက်တာဝင်းမောင်သည် ဘယ်လိုမှ မဖြေတတ်။

ကိုမြင့်သန်းနှင့် ပတ်သက်၍ ခင်မေထွေးအပေါ်တွင် တဘက်သတ် အထင် လွဲမှားစွာပြုခဲ့ခြင်းတို့ကို ရှက်သလိုလို ဖြစ်လာ၏။

မစူးစမ်းဘဲ မိုက်မဲသောစိတ်တို့ဖြင့် အိမ်ထောင်ရေး မသာယာအောင် ပြုခဲ့သည်ကို နောင်တ, ရမိ၏။

ခင်မေထွေးနှင့် ကိုမြင့်သန်းတို့မှာ တယောက်နှင့် တယောက်ညှိမျှချစ်ခဲ့ကြသော်လည်း ခင်မေထွေးမှာ မိမိ၏ မလွတ်လပ်မှုအတွက် အနစ်နာ ခံကာ .... ဒေါက်တာ ဝင်းမောင်က မည်မျှ အထင်လွဲ၍ နှိပ်စက်နေခဲ့စေကာမူ သည်းခံ၍ ပြုစုခဲ့ပုံများအား တရေးရေး မြင်ယောင်လာ၏။

ကိုမြင့်သန်းမှာလည်း ဘိန်းစား ဆေးငတ် ဆေးမပြတ်သည့်နှယ် တပ်မက်ခြင်း ဖွဲ့ကြီးမားခဲ့သော်လည်း သစ္စာစောင့်ထိမ်းကာ အရမ်းကာရော မပြုရှာဘဲ မိမိ၏ စွဲလမ်းမှုကို သက်သာလို သက်သာငြား စိတ်

ထင်ရာနှင့် ဖြေဖျော်ခဲ့ရင်းမှ တစ တစ လုံးပါး ပါးရခြင်း ဖြစ်လေရာ .... ချစ်ခင် လှသည့် ငယ်ပေါင်း အတွက် ဒေါက်တာ ဝင်းမောင်မှာ အသဲနာကာ ယူကြုံးမရ ဖြစ်မိတော့၏။

ခင်မေထွေး ... ကိုမြင့်သန်း အပေါ်တွင် မည်မျှ စိတ်ညွတ်နေသည်ကိုကား ... ကိုမြင့်သန်းနှင့် အရာရာ တူသော သူမ၏ သား ရင်သွေး အတူး ကလေး အား ကြည့်ခြင်းဖြင့် သိသာနိုင်ပေသည်။

“မှားတယ် ... မှားတယ်၊ ငါ မိုက်မှားခဲ့တယ်။ ဟောဒီနေ့က စပြီး အထွေးကို ငါယုယုယယ ပြုတော့မယ်...

“မြင့်သန်း တောင်းပန်ခဲ့တဲ့အတိုင်း ကြင်နာ တော့ မယ်...

အတူးကလေးလဲ သူ ဝါသနာ ပါရာကို တိုးတက်စေတော့မယ်။ အလိုလိုက်တော့ မယ်...

အထွေး ... အထွေး... အခု အထိ မင်းအပေါ်မှာ အထင်မှားခဲ့တာတွေ၊ မင်းဘယ်လိုဘဲ စေတနာနဲ့ လုပ်ပေးပေမဲ့ အကောင်းမထင်ခဲ့တာတွေကို ခွင့်လွှတ်တော့နော် ...”

ဒေါက်တာ ဝင်းမောင်၏ ရင်တွင်းဝယ် ဘလောင်ဆူလာ၏။ မှိုင်းမှုံမှုံ အခန်း ကလေးတွင်ကား ... အထွေး၏ ရှိုက်သံ၊ ကိုမြင့်သန်း၏ အသက်ရှူသံ၊ ဒေါက်တာ ဝင်းမောင်၏ သက်ပြင်းချသံတို့သာ ဆူညံလျက် ရှိ၏။

ကိုမြင့်သန်းသည် တချက်မျှ လူးလွန့်လိုက်ခါ စူးယှသော

မျက်လုံးတို့ဖြင့် အထွေးကို ပြုံး၍ ကြည့်ရင်း ပြုံးနေပြီး၊ ပိန်၍ ဖြူရော်နေသော လက်တံဖြင့် ခေါင်းရင်းမှ စာရွက် တရွက်ကို ယူကာ ... ရင်ဘတ်ပေါ်တွင် တင်ထား၏။

"အထွေး ... မငိုနဲ့လေ၊ ဟိုတုံးက စန္ဒယားတီး သီချင်းတွေ ဆိုပြီး ပျော်ခဲ့တာတွေ တွေးပြီး ပျော်လိုက်စမ်းပါ ..."

ဒေါက်တာ ဝင်းမောင်သည် သူတို့ အနားတွင် နေရသည်ကို စိတ်မသက်သာ သကဲ့သို့ ဖြစ်လာကာ အပြင်သို့ ထွက် လာပြီး ...

"အထွေး ...."

ဟု တိုးတိုးကလေး ခေါ်လေ၏။

အထွေးသည် ဒေါက်တာ ဝင်းမောင်၏ အနားသို့ သွားခါ....

"ဘာလဲ– ကိုဝင်း မရတော့ဘူးလား ..."

ဟု မေးလေသည်။

"သွားမှာတော့ ... သေချာနေပြီ။ ဒါပေမဲ့ ... ငါ့ သူငယ်ချင်းကို သနားတယ်။ သူဟာ အမှန်တော့ .... လူကောင်း တယောက်ပါ။ ငါ အထွေး အပေါ်မှာ အချစ်လွန်ပြီး အတွေးခေါင်ခဲ့လို့ သူ ဒါလောက်ဒုက္ခဖြစ်ရတာကို ငါ ဝမ်းနဲတယ်...."

ခင်မေထွေးသည် စိတ်ပြောင်းလာသည့် ဒေါက်တာ ဝင်းမောင်အတွက် အားတက်နှစ်သက်မိကာ ဘဝ သစ်သို့ ရောက်လာရသလို ထင်မိ၏။

"အထွေးကိုလဲ သူ အင်မတန် ချစ်ရှာပါတယ်။ ဒါ့ကြောင့် ... သူလဲ သေရတော့မဲ့ အတူတူ–သေခါနီး ဘဝကူး

"ကိုမြင့်သန်း … အထွေးကို စိတ်မနာဘူးလားဟင် …. အထွေး ဒါလောက်တောင် ကိုသန်းကို ဒုက္ခပေးရက်နဲ့ အထွေးကို စိတ်မနာသေးဘူးလား။ အထွေး ကိုသန်း ချစ်သလို ပြန်မချစ်နိုင်ဘဲနဲ့ ကိုသန်းရဲ့ အချစ်တွေကို လက်ခံခဲ့လို့ ကိုသန်းရဲ့ ချစ်ကြွေးတွေ တင်ခဲ့တယ်။ ဒီအကြွေးတွေကို အထွေး … ဘယ်လို ဆပ်ရပါ့မလဲ ဟင်–ဟင်– ကိုသန်း …"

"အဟွတ် – အဟွတ်…. အဟွတ်…. အဟွတ်–"

ကြောက်မက် ဘွယ်ရာ ချောင်းဆိုးသံ၏ အဆုံးတွင် ကိုမြင့်သန်း၏ တောက်ပြောင်သည့် မျက်လုံးများသည် မှိတ်ခဲ့၏။

ခင်မေထွေးသည် ပွေ့ထားရာမှ …. ကောင်းသွားအောင် မင်းကိုယ်တိုင် ပွေ့ပွေ့ပိုက်ပိုက် ပြုပြီး … သူ စိတ်ချမ်းသာအောင် ပြုစုလိုက်ပါကွယ် …"

ခင်မေထွေး၏ အံ့အားသင့်ဘွယ်ရာများသည် ဆက်၍ ပေါ်လာပြန်၏။

"သွားပါကွာ။ ငါလဲ ဘယ်လိုမှ မအောက်မေ့ ပါဘူး …. အစက အထွေးတို့ ဒီလောက် ချစ်နေမှန်းသိရင်လဲ၊ အို … အခုမှတော့ …"

ဒေါက်တာ ဝင်းမောင်ကား လွတ်သည့် ငါး ကြီးနေခြင်း မဟုတ်။ အဟုတ်တကယ် နှောင်တရမိခြင်း ဖြစ်ရာက ရင်တွင်းဝယ် မချိခဲ့ …။

ခင်မေထွေးသည် ကိုမြင့်သန်းရှိရာသို့ လာခဲ့ကာ … ဦးခေါင်းကို ဆွဲယူရင်း …

"ကိုဝင်း ....."

ဟု တချက်တည်း လှမ်းခေါ်ကာ ကိုမြင့်သန်းနှင့် အတူ လဲကျသွား၏။

ခေါ်သံကြောင့် အပြေးဝင်လာသော ဒေါက်တာ ဝင်းမောင်သည် လဲနေသည့်အထွေးအား လှုပ်၍ နှိုးနေ၏။

အိမ်ရှင် ကိုဘိုးလှကား–တံခါးပေါက်ဝဆီမှ စိတ်မချမ်းသာသော အမူအရာဖြင့် ငေးကြည့်နေရှာ၏။

မှေးမှိန်သော မီးရောင်အောက်ရှိ ဖြူဖွေးသော စာရေးစက္ကူပေါ်တွင်ကား .....

မြေသာယာ ကြည်လင်
ခြင်း သဘောရှိသည့် လ,
မင်းသည် ခပ်သိမ်းသော
လူများ အဘို့၌ စိတ်အေး
ချမ်း ကြည်နူးဘွယ်ရာဖြစ်
စေသော်လည်း .....

အချစ်ဓာတ်၏နှိပ်စက်ခြင်းခံရသဖြင့်ပင်ပန်းနွမ်းရှိနေသူ ဝေဒနာရှင်အဖျားရောဂါသည် အဘို့တွင်မူ သာ၍ပင် ရောဂါတိုးဘွယ်ရာ ဖြစ်လေသကဲ့သို့ .....

အေးမယောင် ယောင်နှင့်ပူပန်ရသောချစ်ဒုက္ခ၏ ညှဉ်းပန်းနှိပ်စက်ခြင်း ခံနေရသူလည်း ပျော်ရွှင်သာယာကြည်နူးဘွယ် လောကတခွင်အတွင်းဝယ် အဘယ်မှာလျှင် .....

စကား– အဆုံးမသတ်ခဲ့–။

**သန်းဆွေ**

★

ချစ်ကြေး မပြေ



ဝမ်းရေးထက်လွှမ်း ရေး ခက်သည် ဆိုသည် ထက် ချစ်ကြွေးမပြေခြင်း သည်၊ ဥစ္စာ ကြွေး ငွေ ဆပ်ရန်ထက်- အချစ်ကြွေးကို- ဆပ်ရန်က ပို၍ ခက်လှဘိသည်. . .။

ယနေ့ လူ့ဘောင်က- သတ်မှတ်ထားသော လူကျင့်သိက္ခာ အနှောင် အဖွဲ့များကြား၌ အချစ်ကြွေးကို- ဆပ်ချင်တိုင်း ဆပ်နိုင်. . . မဆပ်နိုင်. . ဆိုသည်မှာ အချစ်နှင့်မကင်းသူတိုင်း-အဘို့ ကြိုတင် စဉ်းစား ထားရမည့် ပြဿနာ ဖြစ်သည်။

ဤပြဿနာကို. . . စာရေးဆရာသန်းဆွေက "ချစ်ကြွေးမပြေ" ဝတ္ထု၌ ကိုင်တွယ် သရုပ်ဖော်ထားပုံမှာ. . . ရင်နာစရာ. . . ကောင်းလှသည်။

သန်းဆွေမှာ ၁ ၉ ၄ ၆-ခု နှစ်မှစ၍ စာပေနယ်သို့ဝင်ကာ. . . လုံးချင်းဝတ္ထုရှည်များ, ဝတ္ထုတိုများ, ဘာသာပြန် ဝတ္ထုများကို ရေးသားခဲ့သော စာရေးဆရာတစ်ဦးဖြစ်သည်။

တစ်အုပ်-၆၀-ကျပ်